# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၇)ရက် ၊ တနင်္လာနေ့ ၊ (13-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကျောက်မဲမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်

**စာမျက်နှာ ၁၇ ကော်လံ ၁**

## ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်(**ယနေ့**)နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-Entertainment ၊ MRTV-Parliament ၊ MRTV-NRC၊ မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသည့် MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊သဇင်FM၊ မန္တလေးFM၊ ပဒ္မဝတီFM၊ ရွှေFM၊ ပတ္တမြားFM၊ FMပုဂံ၊ ချယ်ရီFM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု

စာမျက်နှာ - ၁၈

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

စာမျက်နှာ - ၁၆








ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့်
မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်

## အယ်ဒီတာ့အာဘော်

# မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားကို ရန်ကုန်မြစ်ရေလမ်းကြောင်းအတွင်း ဖြတ်သန်းသွားလာကြမည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြတ်သန်းသွားလာနိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲပြီး နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများဖြတ်သန်းသွားလာနိုင်သဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

အဆိုပါ မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေးစီမံကိန်းတစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နှောင့်နှေးတွေ့ကြုံခဲ့ရသည့် လုပ်ငန်းအခက်အခဲများကို လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူထားသည့်အချိန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော်ဘဏ္ဍာငွေ ဖြည့်တင်းဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်သည်။

မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားသည် သံမဏိကြိုးဆိုင်းတံတား Cable-Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွားတံတားဖြစ်သည်။ ပင်မတံတား အရှည် ၂၂၆၄ ပေ၊ ရန်ကုန် ဘက်ကမ်းချဉ်းကပ်တံတားအရှည် ၁၈၉၁ ပေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတား အရှည် ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းချဉ်းကပ်လမ်းအရှည် ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်း အရှည်မှာ ၆၁၂၇ ပေဖြစ်ပေသည်။

မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိကြိုးဆိုင်းတံတားများအနက် ရေလမ်းကင်းလွတ်အမြင့်ဆုံးတံတားဖြစ်ပြီး တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်းသွားသင်္ဘောကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရန် တံတားကင်းလွတ်အမြင့်ပေ ၁၆၀၊ အကျယ် ပေ ၉၉၀ ရှိပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပေသည်။

မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား အချောသတ်တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့သို့လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့များသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၇၆
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# မြန်မာ့မီးရထား (မန္တလေးဘူတာ) အနောက်ဘက်ခြမ်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ပြီးစီးမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့မီးရထား(မန္တလေးဘူတာ) အနောက်ဘက်ခြမ်း ၇၉ လမ်း၊ ၃၁ လမ်းမှ ၃၄ လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုနေရာသည် မန္တလေးမြို့ Down Town ဧရိယာဖြစ်ပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပြည်သူများစိတ်ချမ်းမြေ့စွာသွားလာရေးနှင့် အမြင်တင့်တယ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး အစဉ်အမြဲဖြစ်စေရန် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်စုပုံခြင်းများ မရှိစေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေယာရှုခင်း အလှပန်းပင်များ စိုက်ပျိုးသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လူအင်အားနှင့် စက်ယန္တရားအင်အားတို့ဖြင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေမှု၊ နုန်းစာများ ဆယ်ယူနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်တည်ဆောက်ပြီးစီးမှု၊ အဝင်လမ်းခင်းကျင်းပြီးစီးမှုနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးမည်

**ကျောက်မြောင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ နှမ်း ၁၃၁၂၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမယ်။နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက်ဆောင်းမှာဘဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်း ကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သဘွတ်ကုန်း ကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်သော နို့စားနွားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ငယ်လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)ဖြင့် ရေကမိုးကျေးရွာ၌ နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ အဖွဲ့ဝင် ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဦးဝဏ္ဏလင်း-ဒေါက်တာမေသက်ခိုင်၊ သား မောင်ပြည့်စုံလင်း မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကောင်းမြို့တွင် ပဲမျိုးစုံ ၁၀၇၃ ဧကကို ယခုနှစ် အောက်တိုဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းပြီးအထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧကစိုက်ပျိုးရာတွင် ပဲတီစိမ်း ၁၅၃ ဧက၊ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက၊ မတ်ပဲ ၂၀၄ ဧကဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့နိုင်မည်ဖြစ်သောကြောင့် ပဲမျိုးစုံကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရှိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် အောက်စီးတီးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်စီးတီးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အောက်စီးတီးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၄၂ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ၂၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**အေးမြတ်**

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၄၅၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၄၅၅ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၅၈၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တိုင် ၁၄၅၅ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၇၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၉၅၈၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၄၅၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက်နေကြာ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ဘုတလင်မြို့နယ်တွင် ၇၂၈ ဧက၊ အရာတော်မြို့နယ်တွင် ၅၀၂ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၄၅၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း စသည့်ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နေကြာကိုဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)



# ဟောပြောသူမှာ ပြည့်စုံရမည့် လိုအပ်ချက်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ဟောပြောခြင်းတစ်ရပ်ပြုလုပ်မည်ဆိုလျှင် မရှိမဖြစ်လိုအပ်သော အပိုင်းသုံးပိုင်း ပါဝင်ပေလိမ့်မည်။ ၎င်းတို့မှာ **ဟောပြောသူ၊ ဟောပြောချက်နှင့် ပရိသတ်** ဟူသော အရာတို့ဖြစ်၏။ ဟောပြောသူက ဟောပြောချက်တစ်ခုကို တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ၊ နားဝင်စရာကောင်းသည်ဖြစ်စေ၊ နားဝင်စရာမကောင်းသည်ဖြစ်စေ၊ တစ်စုံတစ်ရာပေးလိုသော ရည်ရွယ်ချက်ဖြင့် ဟောပြောခြင်းဖြစ်၏။ ဟောပြောသူနှင့် ဟောပြောချက်တို့သည် အရေးမကြီးဟု မဆိုလိုပေ။ သို့တစေ အရေးအကြီးဆုံးအပိုင်းသည်ကား စင်စစ်မှု **ပရိသတ်** ပင်ဖြစ်ပေသည်။

ဟောပြောချက်ကို သူက နှစ်သက်ပါ၏လား၊ လက်ခံပါ၏လား၊ သူက ရယူသိမ်းပိုက်ပြီး အသုံးချကျင့်သုံးပါ၏လား။ ဤအကျိုးတရား ရရှိခြင်း အနည်းအများ **ထိရောက်မှုသည်သာ အဓိကလိုရင်းသော့ချက်** ဖြစ်၏။ ပရိသတ်၏အာရုံနှင့် စိတ်နှလုံးကို သိမ်းကျုံးဆွဲဆောင်၍ ထိရောက်အောင် ပြောနိုင်ခြင်း၊ ပြောတတ်ခြင်းသာလျှင် လိုရင်းဖြစ်၏။ ပေးသောအရာကို ကောင်းစွာရစေရန် ဟောပြောမည့်သူမှာ ပြည့်စုံရမည့် လိုအပ်ချက်များ ရှိပေသည်။ ဟောပြောခြင်းဆိုင်ရာ အခြေခံအတတ်ပညာဟုပင် ဆိုနိုင်လေသည်။

**ဟောပြောသူ**

ဟောပြောသူ၊ ဟောပြောချက်နှင့် ပရိသတ်ဟူသော မပါမဖြစ် အဓိကသုံးပိုင်းတွင် ဟောပြောသူသည် ပြုသူဟူသော ကတ္တား အခန်းကဏ္ဍမှာ နေရာယူရသည်။ ဟောပြောချက်သည် ဟောပြောခြင်း လုပ်ဆောင်နေသည့် ကြိယာနေရာမှာ ရှိပေသည်။ ပရိသတ်သည် ဟောပြောသူနှင့်သူ့ဟောပြောချက်ကို နားထောင်လက်ခံရသူ ကံအပိုင်း၊ အပြုခံအပိုင်းဖြစ်လေသည်။ ကတ္တား၊ ကြိယာနှင့် ကံပုဒ်ဟူသော သဒ္ဒါသဘော စကားပြေကျအနေနှင့် မြင်သာထင်ရှားအောင် ဥပမာဆောင်ခြင်းဖြစ်ပါသည်။

အခြေအနေကို ဖန်တီးသူ၊ ခြယ်လှယ်သူ၊ ပြုလုပ်နိုင်စွမ်းရှိသော ပထမနေရာရှိနေသည့် ဟောပြောသူတွင် ဟောပြောခြင်းဆိုင်ရာ အတတ်ပညာသည် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်ကြောင်း သတိပြုမိလောက်ပေပြီ။

မုဆိုးတစ်ယောက်အတွက် လေးနှင့်မြား လို၏။ တံငါအတွက်၊ လှေ၊ တက်နှင့်ပိုက်ကွန်လို၏။ စစ်သည်တို့အတွက် လက်နက်၊ ခဲယမ်းနှင့် စစ်အတတ်ပညာ ပါမှဖြစ်ပါလိမ့်မည်။

ဟောပြောသူမှာ ဟောပြောနည်းအတတ်ပညာ မပါရှိဘဲ စင်ပေါ်တက်၍ မဖြစ်နိုင်ပေ။ စစ်မြေပြင်သို့ လက်ဗလာသက်သက်ဖြင့် ထွက်လာသော စစ်သားကဲ့သို့ အရေးနိမ့်ရဖို့သာ ရှိပေလိမ့်မည်။ လက်နက် ခဲယမ်းနှင့် စစ်ပညာပါပြီးမှသာ စစ်မြေပြင်သို့ ဝင်နိုင်မည်။

**လိုအပ်ချက်များ** (Requirements)

ဟောပြောသူသည် လိုအပ်ချက်များပြည့်စုံအောင် ကြိုတင်တွက်ချက် ဖြည့်တင်းရပေမည်။ အခြေခံလိုအပ်ချက် သုံးပိုင်းတင်ပြလိုပါသည်။

၁။ **တတ်မြောက်အပ်သည့် အတတ်ပညာ** (Skill of Art)
(က) စကားပြေ (Prose)
(ခ) ကဗျာလင်္ကာ (Poem)
(ဂ) ဘာသာစကား (Language)
(ဃ) အဘိဓာန် (Vocabulary)
(င) တေးဂီတ (Music)
(စ) ဆက်ဆံဆက်သွယ်မှု Social Psychology

၂။ ရပ်တည်ချက်(သဘောထား) (Attitude)
(က) တရားမျှတမှု (Just)
(ခ) မှန်ကန်မှု (Right)
(ဂ) ရိုးသားမှု (Sincere)
(ဃ) ဖြောင့်မတ်မှု (Honesty)
(င) စာနာတတ်မှု (Sympathy)

၃။ **ဦးတည်ချက် (ဘယ်သူ့အတွက်လဲ) (Motive)**
(က) လူမျိုးအတွက်၊ ပြည်သူအတွက်
(ခ) နိုင်ငံတော်အတွက်
(ဂ) လူသားကောင်းကျိုးအတွက်(မေတ္တာ)
(ဃ) ကမ္ဘာကြီးအတွက်
(င) လောကအတွက်(ပါရမီ)
(စ) စွန့်လွှတ်လိုမှုအတွက်

❖ ဟောပြောသူမှာ မေတ္တာအရင်းခံဖို့ အထူးပင် အရေးကြီးလေသည်။ ဒေါသသံပါသော လေသံများ၊ ရိုင်းစိုင်းသောစကား၊ ဆဲဆိုသောစကားမျိုးကို မည်သည့်ပရိသတ်ကမျှ မနှစ်သက်၊ မလိုလားကြပေ။ မိမိပြောသမျှသည် လူအများနှင့် ဆက်သွယ်ဆက်ဆံနေရခြင်းဖြစ်သဖြင့် မေတ္တာအသံ(ရင်ထဲက) ပါရသည်။ မျက်နှာအမူအရာ၊ မျက်နှာထား၊ ကိုယ်ဟန်ထဲမှာ မေတ္တာပါရသည်။ အစစအရာရာသည် မေတ္တာအငွေ့အသက်ပါမှ အဆင်ပြေလေသည်။ သစ္စာဟူသော မှန်ကန်ခြင်းသဘော၊ ဓမ္မဟူသော တရားမျှတခြင်းသဘော၊ ဝီရိယဟူသော ကြိုးစားအားထုတ်မှုသဘော၊ စာဂဟူသော စွန့်လွှတ်ခြင်း(ကိုယ်ကျိုးမရှာ) အနစ်နာခံနိုင်ခြင်းသဘော။ ❖

**ရွေးချယ်**

အထက်ပါအချက်များကို စာဖတ်သူကိုယ်တိုင်က ဝေဖန်သုံးသပ်၊ ချင့်ချိန်စဉ်းစား၍ မိမိအတွက် မည်သည့်အရာများကို ရွေးချယ်ရမည်ကို ဆုံးဖြတ်ရန် ဖြစ်ပါသည်။

တတ်မြောက်အပ်သည့် အတတ်ပညာကို မိမိကိုယ်တိုင် တတ်ကျွမ်းကျင်လည်အောင် လေ့လာလေ့ကျင့်ရပါမည်။ အချိန်နှင့်အမျှ ဆည်းပူးဖြည့်တင်းနေရန် လိုအပ်ပါသည်။

ရပ်တည်ချက်မလွဲချော်စေရန် မိမိကိုယ်တိုင် ထိန်းကျောင်းရန် လိုအပ်ပေလိမ့်မည်။

တရားမျှတမှု၊ မှန်ကန်မှု၊ ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့် စာနာမှုဘက်တွင် ဟောပြောသူက ခိုင်ခိုင်မာမာ ရပ်သည်ဟု ပရိသတ်က သိမြင်ကြလျှင် ဟောပြောချက်က ထိရောက်ပါလိမ့်မည်။

မတရားမမျှတမှု၊
မှားယွင်းလွဲချော်မှု၊
လိမ်လည်ကောက်ကျစ်မှု၊
မရိုးမဖြောင့်မှု၊
စာနာခြင်းကင်းမှု၊

စသော အချက်များဘက်က ရပ်တည်ပြီး ဟောပြောနေမိပါက ထိုလုပ်ဆောင်ချက်သည် အကျိုးမရှိသည့်အပြင် ပရိသတ်၏ နားထဲသို့ အဆိပ်များ သွန်းလောင်းထည့်သွင်းနေခြင်း ဆိုးကျိုးတစ်ခုသာ ဖြစ်ပေမည်။

ဟောပြောခြင်းဆိုင်ရာ အတတ်ပညာတွင်အခြေခံအချက်များအနက် မိမိကိုယ်တိုင် လုပ်ဆောင်လေ့ကျင့်မှုများအနက်မှ မှန်ကန်လျှင် အကျိုးရှိထိရောက်ကြောင်း တွေ့ရှိရသကဲ့သို့ မှားယွင်းလျှင် အကျိုးမရှိကြောင်း သို့မဟုတ် အကျိုးယုတ်ကြောင်း သင်ခန်းစာယူလျက် ပြုပြင်ရပေမည်။

လက်တွေ့ဘဝအတွေ့အကြုံမှ သင်ခန်းစာရယူတတ်ခြင်းအားဖြင့် အမှားတစ်ခုကို ထပ်ကာထပ်ကာ မမှားမိအောင် ရှောင်ကွင်းတတ်ရပါမည်။ အတတ်ပညာတို့၏ တိုးတက်မှုသည် လေ့ကျင့်ခန်းများများ လုပ်ခြင်းမှ အခြေပြုပါမည်။ သဘောတရား သီအိုရီကို လက်တွေ့ကိုယ်တိုင်လုပ်ဆောင်မှု အတွေ့အကြုံဖြင့် ပေါင်းစပ်ပုံဖော်ကြရစမြဲဖြစ်ပါသည်။ စာတွေ့မှ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ချွတ်ချော်မှုများ၊ တိမ်းစောင်းမှုများ ကြုံရစမြဲဖြစ်ပေသည်။ အမှားပြုမိခြင်းကို စိတ်ပျက်စရာမလိုပါ။ ထပ်ကာထပ်ကာ မမှားမိအောင်သာ ရှောင်တတ်ရမည်။ ဤနည်းဖြင့် ကလေးဘဝမှ လူကြီးအဖြစ် စမ်းရင်း မှားရင်း ပြင်ရင်းနှင့် အမှန်နည်းလမ်းများ တတ်မြောက်ကျွမ်းကျင်လာရပေသည်။

ရပ်တည်ချက်အပိုင်း၊ ဦးတည်ချက်အပိုင်းတို့တွင် ဆွေးနွေးစရာအချက်များ များစွာရှိပါသော်လည်း အသေးစိတ်ပြည့်နှံနေခြင်းထက် ဟောပြောမည့်သူကိုယ်တိုင်က ကျယ်ပြန့်စွာဆက်လက်လေ့လာစုဆောင်းပြီး ပို၍ပို၍ အသိအမြင် ကျယ်ဝန်းနားလည်လာခြင်း၊ ထွင်းဖောက်သိမြင် သဘောပေါက်ခြင်းက ပိုမိုလိုလားအပ်ပေသည်။ ဆရာစားချန်ခြင်း မဟုတ်ပေ။

အစစအရာရာ မှန်ကန်သော ရပ်တည်ချက်ဘက်ကို ရွေးချယ်တတ်စေလိုပါသည်။ အခြားလူ ဟောပြောသူ သူတစ်ပါး၏ မှားယွင်းမှု၊ ချွတ်ချော်မှုကို ရှုမြင်လေ့လာ၍ မိမိအတွက် သင်ခန်းစာယူတတ်ခြင်းအားဖြင့် မိမိ၏ဟောပြောချက်သည် အပြစ်အနာအဆာ ကင်းလာလေသည်။

**သရုပ်ပြများ**

ဒေါနှင့်မောနှင့် ပြောနေကြပုံတွေ့ဖူးမည်။ ရိုင်းရိုင်းစိုင်းစိုင်း ပြောနေကြပုံများ မြင်ခဲ့မည်။ ဆဲဆိုကြမ်းတမ်းစွာ ဟောပြောနေပုံများ၊ ပရိသတ်ကို အပြစ်ဆိုနေပုံများ၊ ပရိသတ်ကို ပုတ်ခတ်ရှုတ်ချနေပုံများ ထိုထိုသော ညံ့ဖျင်းလွဲမှားသည့် ဟောပြောသူများ၏ အကျိုးမဲ့ပုံများကို မိမိက ပရိသတ်နေရာမှ ကြားဖူးမြင်ဖူးခဲ့သောအတွေ့အကြုံသည် ရှောင်ကြဉ်ရန် သင်ခန်းစာအနေဖြင့် **"အလွဲအမှား သရုပ်ပြခြင်း"** သင်ခန်းစာဟု နားလည်ရပေမည်။

စကားမပီမသ၊ စကားသံက လေးအီနေးကွေးလွန်း၊ စကားလုံးတွေ မြန်ဆန်လွန်း၊ ဗလုံးဗထွေး ဘာပြောလို့ပြောမှန်း မသိအောင် အချက်အလက်တွေက မဆက်စပ်မိဘဲဘောရောက်လိုရောက်။ လိုရင်း မပြောဘဲ ကိုယ်ရေးကိုယ်တာ ကိုယ်ရည်သွေးနေခြင်းများ၊ မဆိုင်သော စကားတွေ ဝေ့ဝိုက်လေရှည်။

**အရည်အသွေး**

နားထောင်ကြည့်ရှုရသောပရိသတ်ကို နားထောင်ချင်စရာ မကောင်းဘဲ အော်ဂလီဆန်အောင် ဟောပြောနေကြသူများကိုလည်း တွေ့ဖူးပေလိမ့်မည်။

အမူအရာ ဟန်ပန်တွေ လွန်ကဲပြီး ကပြလို့ကပြ၊ လက်ဟန်ခြေဟန်၊ ခေါင်းအနေအထား၊ မျက်နှာအနေအထားက လူပြက်ပုံပေါက်နေခြင်းမျိုး။ စကားကို ရန်ဖြစ်နေသလို အော်ကြီးဟစ်ကျယ် ပြောလိုပြော၊ ဟစ်ဟစ်နှင့် မပွင့်တပွင့်နှင့် မသဲမကွဲ ပြောသူကပြော။

ဟောပြောချက် အရည်အသွေး ညံ့ဖျင်းနိမ့်ချာလှသော ထုတ်လုပ်သူများ ကြီးကြပ်မှု၊ ကွပ်ကဲမှု၊ စစ်ဆေးပြုပြင်မှု အားနည်းလွန်းခြင်းများကို ဖော်ပြ၍ မကုန်နိုင်အောင် တွေ့မြင်လေ့လာ၍ သင်ခန်းစာယူနိုင်ပါသည်။ ယနေ့ခေတ်၏ ပညာရှာဖွေတတ်သူအတွက် "အမှားသရုပ်ပြ သင်ခန်းစာများ" (Demonstrations to avoid) ကဲ့ကောင်းစွာ ပေါပေါများများ သိရ ကြည့်ရသော အခွင့်အရေးပေတည်း။

ဟောပြောသူမှာ မေတ္တာအရင်းခံဖို့ အထူးပင် အရေးကြီးလေသည်။ ဒေါသသံပါသော လေသံများ၊ ရိုင်းစိုင်းသောစကား၊ ဆဲဆိုသောစကားမျိုးကို မည်သည့်ပရိသတ်ကမျှ မနှစ်သက်၊ မလိုလားကြပေ။ မိမိပြောသမျှသည် လူအများနှင့် ဆက်သွယ်ဆက်ဆံနေရခြင်းဖြစ်သဖြင့် မေတ္တာအသံ(ရင်ထဲက) ပါရသည်။ မျက်နှာအမူအရာ၊ မျက်နှာထား၊ ကိုယ်ဟန်ထဲမှာ မေတ္တာပါရသည်။ အစစအရာရာသည် မေတ္တာအငွေ့အသက်ပါမှ အဆင်ပြေလေသည်။

**သစ္စာ** ဟူသော မှန်ကန်ခြင်းသဘော၊
**ဓမ္မ** ဟူသော တရားမျှတခြင်းသဘော၊
**ဝီရိယ** ဟူသော ကြိုးစားအားထုတ်မှုသဘော၊
**စာဂ** ဟူသော စွန့်လွှတ်ခြင်း(ကိုယ်ကျိုးမရှာ) အနစ်နာခံနိုင်ခြင်းသဘော။

ဟောပြောသူမှာ ရပ်တည်ချက်ရှိလေလေ မိမိ၏ ဟောပြောချက်က ထိရောက်တာသွားလေလေ ဖြစ်ပါ၏။ မိမိတို့ကို သင်ပြလမ်းညွှန်သော ဝန်ကြီးဗိုလ်ချုပ်တစ်ဦးက အောက်ပါအချက်များကို လိုက်နာကြရန် ကဗျာလင်္ကာသီကုံးပေးခဲ့ဖူးပါ၏။ လက်ဆင့်ကမ်းပါရစေ။

**"ရှင်သန်တက်ကြွ နိုးထလှုပ်ရှား၊**
**စွမ်းအားထက်မြက်၊ သွက်လက်ရှင်လန်း**
**အပင်ပန်းခံ၊ အားမာန်အပြည့်**
**သိမ်မွေ့ချိုသာ၊ ပျူငှာယဉ်ကျေး**
**ပြည်သူ့ဆက်ဆံရေး"**

ပြည်သူလူထုနှင့် ဆက်ဆံထိတွေ့နေကြရသော မည်သူမဆို အောင်မြင်သော ဟောပြောသူကောင်းတစ်ဦးတွင် ပြည့်စုံရန်လိုအပ်ချက်များ ပြည့်စုံအောင် လုပ်ဆောင်ကြသည့်အတွက် တိုးတက်အောင်မြင် ကြပါလိမ့်မည်။ မိမိတို့မှာ လက်တွေ့ကောင်းကျိုး ရခဲ့သည်။

မြတ်စွာဘုရား ဟောကြားတော်မူသမျှသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကသုံးပုံ အလုံးစုံ၏ အနှစ်ချုပ်ကား မြတ်စွာဘုရားကိုယ်တော်တိုင် ခုနစ်နှစ်သားအရွယ် သားတော်ရာဟုလာကို ဟောကြားတော်မူခဲ့သည့် (ဓမ္မပဒနှင့် ဩဝါဒပါတိမောက်မှာ လာရှိသည်)

**"မကောင်းမှုရှောင်**
**ကောင်းမှုဆောင်**
**ဖြူအောင်စိတ်ကိုထား၊**
**အရာရာတွင်**
**အသုံးဝင်**
**အောင်မြင်ကြောင်းတရား"တဲ့။**

**နိဂုံး**

စာစီပေးသော ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ ကဗျာလင်္ကာပါသုံးချက်ကို လက်တွေ့လိုက်နာကျင့်သုံးကြလျှင်လည်း ကောင်းကျိုးမင်္ဂလာပြည့်စုံပါလိမ့်မည်။

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကောလင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၈၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၅၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဖူးစားပြောင်း သီးနှံ ၁၅၈၂ ကေထိစိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့၊ အသိပညာပေး ဆောင်ရွက်ခဲ့ပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၅၆၅ ကေ၊ ဝန်းသိုမြို့နယ်တွင် ၃၃၆ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၁၅၂ ကေ စုစုပေါင်း ၁၀၅၃ ကေ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝ ပိုးသတ်ဆေးနှင့် မြေသြဇာများ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ခန့်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းကျော် ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းထံမှ သိရသည်။ (၂၀၆)

# ချောင်းဆုံမြို့နယ် ကွမ်သဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကွမ်သဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောင်းဆုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကွမ်သဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွမ်သဲကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။

**သုတ**

## တိုးတက်ရေး

- တို့ပြည်ရွာ တိုးတက်ရေးကိုလ
ကြိုးစားပေး ရှန်းကန်ညီ၊
ကောင်းစေရန် ဆန္ဒများဖြင့်
လှုပ်ရှားရမည်၊
စည်းလုံးလျက် ရှေ့သို့တည်
မြန်မာပြည် ကောင်းကျိုး၊
အဖျက်မဝင်
အသက်ပင် တည်သရွေ့
ရှေ့တိုးသယ်ပိုး။

- တိုင်းပြည်ဂုဏ် မြှင့်တင်ပေး
ထမ်းဆောင်ရေး တို့ပြင်ဆင်၊
လုပ်ငန်းခွင် လည်ပတ်ကောင်းဖို့
စုပေါင်းအားအင်၊
နိုင်ငံအကျိုး တို့ပါဝင်
ထမ်းဆောင်လျှင် ပန်းတိုင်ရောက်၊
အမုန်းတရား ဘေးဖယ်
အတွေးရယ် လမ်းမမှားဘဲ
ကြိုးစားငြမ်းထောက်။

- တိုင်းပြည်ကို ကာကွယ်ကြပါလို့
အဖျက်ဝါဒ တို့စွန့်ပယ်၊
တို့မြန်မာ တိုင်းရင်းသား
သွေးချင်းများရယ်၊
ကောင်းကျိုးပြု ထမ်းရွက်ကွယ်
သာယာဖွယ် ရလဒ်ရှိ၊
အပြုံးပန်းတွေဖြင့်
စိတ်ဝမ်းတွေ မပြိုကွဲ
ဆင်နွှဲသင့်၏။ ။

**မောင်မျိုးချစ်(အညာမြေ)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များ မြောက်ကိုရီးယားနှင့် ဗီယက်နမ်တို့ လက်မှတ်ရေးထိုး



**ပြုံယမ်း အောက်တိုဘာ ၁၂**

ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် ကျန်းမာရေး နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို မြောက်ကိုရီးယားနှင့် ဗီယက်နမ်တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ တိုလမ်း၏ မြောက်ကိုရီးယားနိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံ တာဝန်ရှိသူများက အဆိုပါသဘောတူညီချက်များကို လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရ အေဂျင်စီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ဗီယက်နမ်နှင့် မြောက်ကိုရီးယား တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ တိုလမ်းသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ဖိတ်ကြားချက်အရ ပြုံယမ်းမြို့၌ ကျင်းပသည့် ကိုရီးယားအလုပ်သမားပါတီ နှစ် ၈၀ ပြည့် စစ်ရေးပြ အခမ်းအနားသို့တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်သည် နှစ် ၂၀ နီးပါး ကာလအတွင်း ဗီယက်နမ် ခေါင်းဆောင်တစ်ဦး၏ ပထမဆုံး မြောက်ကိုရီးယားခရီးစဉ်ဖြစ်သည်။

ဗီယက်နမ်နှင့် မြောက်ကိုရီးယား နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ကောင်းမွန်သော်လည်း ကုန်သွယ်မှုဆက်ဆံရေးမရှိသည့် နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အစိုးရအဖွဲ့ ဖွဲ့စည်းရန် ပီရူးသမ္မတဟိုဆေးဂျီရီ ပြင်ဆင်နေ



**လီမာ အောက်တိုဘာ ၁၂**

ပီရူးသမ္မတသစ် ဟိုဆေးဂျီရီသည် အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ပြင်ဆင်နေကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် သမ္မတဟိုဆေးဂျီရီသည် အစိုးရအဖွဲ့ဝင်သစ် ၁၉ ဦးကို ရွေးချယ်ထားကြောင်း သိရသည်။

သမ္မတဟောင်း ဒီနာဘိုလေ့တီကို ပီရူးကွန်ဂရက်လွှတ်တော်က ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ပီရူးသမ္မတရာထူးကို ကွန်ဆာဗေးတစ်ဝါဒီနိုင်ငံရေးသမား ဟိုဆေးဂျီရီက အောက်တိုဘာ ၁၀ ရက်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်မှု ဖြစ်ပွားနှုန်းမြင့်တက်လာမှု၊ အဂတိလိုက်စားမှုပြဿနာများနှင့်ပတ်သက်၍ ပြည်သူများ မကျေမနပ်ဖြစ်နေချိန်တွင် ပီရူးကွန်ဂရက်လွှတ်တော်က သမ္မတဟောင်း ဒီနာဘိုလေ့တီကို ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်အရွယ် ပီရူး သမ္မတသစ် ဟိုဆေးဂျီရီသည် အဂတိလိုက်စားမှု ပြဿနာနှင့် ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုတို့ကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

သမ္မတဟိုဆေးဂျီရီသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း ပီရူးနိုင်ငံ၏ သတ္တမမြောက်သမ္မတဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အာဖဂန်နယ်စပ်တစ်လျှောက်ရှိ ဝင်ပေါက်များကို ပါကစ္စတန်နိုင်ငံ စတင်ပိတ်ထား

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၂**

နှစ်နိုင်ငံ တပ်ဖွဲ့ဝင်များအကြား နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် အာဖဂန်နယ်စပ်တစ်လျှောက်ရှိ နယ်စပ်ဝင်ပေါက်များကို ပါကစ္စတန်နိုင်ငံက ယနေ့တွင် စတင်ပိတ်ထားသည်။

ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်တစ်လျှောက် နေရာပေါင်းခြောက်နေရာ၌ အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ပဋိပက္ခများဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ပါကစ္စတန်ကင်းစခန်းများကို



အာဖဂန် တာလီဘန်တပ်များက တိုက်ခိုက်ခဲ့ရာ ပါကစ္စတန်တပ်များက ပြန်လည်တုံ့ပြန်ခဲ့ကြောင်း ပါကစ္စတန် တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အာဖဂန်တာလီဘန် အုပ်စု၏လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နယ်စပ်ဂိတ်များကို ယနေ့မှစ၍ ပိတ်ထားလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားထားသည်။

ပါကစ္စတန်တပ်မတော်က ယခုနှစ်အတွင်း ကဘူးလ်မြို့၌ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်တပ်များကို တိုက်ခိုက်ခဲ့ကြောင်း အာဖဂန် တာလီဘန်အုပ်စု ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်ကိုတိုက်ခိုက်နေသော ပါကစ္စတန် တာလီဘန်လက်နက်ကိုင်များကို အာဖဂန် တာလီဘန်အုပ်စုက နေရာပေးလက်ခံထားကြောင်း ပါကစ္စတန်အစိုးရက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အာဖဂန်တာလီဘန်အုပ်စုက ငြင်းပယ်ထားသည်။

Ref : RT

Trs : KKO

# ဂါဇာငြိမ်းချမ်းရေး နိုင်ငံတကာထိပ်သီးညီလာခံ အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်ခ်မြို့၌ ကျင်းပမည်

**ကိုင်ရို အောက်တိုဘာ ၁၂**

ဂါဇာပဋိပက္ခ သဘောတူညီချက်ကို အပြီးသတ်ရေးအတွက် နိုင်ငံတကာ ခေါင်းဆောင်များ ပါဝင်မည့်ညီလာခံတစ်ခုကို အောက်တိုဘာ ၁၃ ရက်တွင် အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဂါဇာငြိမ်းချမ်းရေး နိုင်ငံတကာ ထိပ်သီးညီလာခံကို ပင်လယ်နီဒေသ အပန်းဖြေမြို့ဖြစ်သည့် ရှမ်အယ်လ်ရှိတ်ခ်မြို့၌ ကျင်းပရန် အီဂျစ်နိုင်ငံက စီစဉ်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်အရ ဂါဇာပဋိပက္ခအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ရယူခဲ့ပြီးနောက် အဆိုပါထိပ်သီးညီလာခံကိုကျင်းပရန် အီဂျစ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ရှမ်အယ်လ်ရှိတ်ခ်မြို့၌ ကျင်းပမည့် ဂါဇာငြိမ်းချမ်းရေးညီလာခံသို့ နိုင်ငံတကာခေါင်းဆောင်၂၀ ကျော် တက်ရောက်မည် ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရှမ်အယ်လ်ရှိတ်ခ် ဂါဇာငြိမ်းချမ်းရေး ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လည်း တက်ရောက်မည်ဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ အောက်တိုဘာ ၁၀ ရက်တွင် စတင် အာဏာသက်ဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နယူးဆောက်သ်ဝေးပြည်နယ်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုကြောင့် လူသုံးဦး သေဆုံး

**ဆစ်ဒနီ အောက်တိုဘာ ၁၂**

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် လေဆိပ်တစ်ခု၌ အောက်တိုဘာ ၁၁ ရက်က အပေါ့စား လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူသုံးဦး သေဆုံးခဲ့ရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုသည် ရှဲလ်ဟာဘာလေဆိပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နယူးဆောက်သ်ဝေးပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရှဲလ်ဟာဘာ လေဆိပ်သည် ဆစ်ဒနီမြို့ တောင်ဘက် ၅၃ မိုင် အကွာတွင်ရှိသော လေဆိပ်တစ်ခု ဖြစ်သည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ မြေပြင်နှင့်ရိုက်ခဲ့ပြီးနောက် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း ရှဲလ်ဟာဘာ လေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ် ပျက်ကျမှုကြောင့် လိုက်ပါလာသူ သုံးဦး သေဆုံးခဲ့ကြောင်း နယူးဆောက်သ်ဝေးပြည်နယ် ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျမှု နောက်ခံအကြောင်းရင်းကို ဩစတြေးလျ အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Kinetica-2 ဒုံးပျံသစ်ကို လာမည့်လတွင် CAS စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ဖွယ်ရှိ



**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံအခြေစိုက် CAS စပေ့စ်အိတ်ကုမ္ပဏီသည် Kinetica -2 ဒုံးပျံသစ်ကို လာမည့်လအတွင်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Kinetica-2 ဒုံးပျံသစ်သည် CASစပေ့စ်အိတ်ကုမ္ပဏီ၏ပထမဆုံး လောင်စာရည်သုံး ဒုံးပျံဖြစ်သည်။

ပြီးခဲ့သည့်လများအတွင်း CAS စပေ့စ်အိတ်ကုမ္ပဏီသည် Kinetica-2 ဒုံးပျံပင်မဒုံးယာဉ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်ရာ လက်ရှိတွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ရေးအတွက် အသင့်အနေအထားရှိနေပြီဖြစ်သည်။

Kinetica- 2 ဒုံးပျံကို လာမည့် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချီကွမ်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း CAS စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Kinetica- 2 ဒုံးပျံသစ်သည် ကီရိုဆင်းနှင့် အောက်ဆီဂျင် လောင်စာရည်သုံးဒုံးပျံအမျိုးအစားဖြစ်ပြီး အလေးချိန် ၇၈၀၀ ကီလိုဂရမ်ရှိသော ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုဂရမ် ၆၀၀ နှင့် ၈၀၀ ကြားပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

CAS စပေ့စ်အိတ်ကုမ္ပဏီသည် Kinetica- 2 ဒုံးပျံကို ပထမဆုံးအကြိမ်စမ်းသပ်ပစ်လွှတ်ရာတွင် ချင်ကျိုးအမည်ရှိ စမ်းသပ်အာကာသကုန်တင်ယာဉ်တစ်စင်းကို ပတ်လမ်းပေါ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Starship ဒုံးပျံယာဉ်၏ ပင်မကိုယ်ထည်ဖြစ်သော စူပါဟဲဗီးဒုံးပျံယာဉ်ကို စတားအေ့စ်အာကာသစခန်းပစ်စင်ဆီသို့ ပို့ဆောင်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်၏ ပင်မကိုယ်ထည်ဖြစ်သော စူပါဟဲဗီးဒုံးပျံယာဉ်ကို ဆောက်သိတက္ကဆက်ဒေသ စတားစခန်းပစ်စင်ဆီသို့ အောက်တိုဘာ ၁၁ ရက်က ပို့ဆောင်ထားကြောင်း သိရသည်။

Starship ဒုံးပျံယာဉ် ၁၁ ကြိမ်မြောက် စမ်းသပ်လွှတ်တင်မှုအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် စူပါဟဲဗီးဒုံးပျံကို စတားလင့်အာကာသစခန်းပစ်စင်ဆီသို့ ပို့ဆောင်ထားခြင်းဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို အောက်တိုဘာ ၁၃ ရက်တွင် ၁၁ ကြိမ်မြောက်အဖြစ် စမ်းသပ်ပစ်လွှတ်ရန်စီစဉ်ထားကြောင်း သိရသည်။

Starship အာကာသဒုံးပျံယာဉ်သည် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship ဒုံးပျံယာဉ်တို့ပေါင်းစပ်ထားခြင်းဖြစ်ပြီး ကိုယ်ထည်အလျား ပေ ၄၀၀ ခန့်ထိရှိသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ် ဩဂုတ် ၂၆ ရက်တွင် ၁၀ ကြိမ်မြောက် Starship ဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ပြုလုပ်ခဲ့ရာ ပထမဆုံးအကြိမ်အဖြစ်အပြည့်အဝ အောင်မြင်မှုရခဲ့သည်။




စပေ့စ်အိတ်ကုမ္ပဏီသည် လကမ္ဘာများဆီသို့ လူသားများပို့ဆောင်ရေးအတွက် Starship ဒုံးပျံယာဉ်များ တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တစ်ခုနှင့်တစ်ခုလှည့်ပတ်နေသော အာကာသတွင်းနက်နှစ်ခုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



**ဟယ်လ်ဆင်ကီး အောက်တိုဘာ ၁၂**

တစ်ခုနှင့်တစ်ခုလှည့်ပတ်နေသော အာကာသတွင်းနက်နှစ်ခုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုကို ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ်ငါးဘီလီယံခန့်အကွာတွင် တည်ရှိသော OJ 287 အမည်ရှိကြယ်စုအတွင်း တွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

ရှေးယခင်ကမူ နိုင်ငံတကာသိပ္ပံပညာရှင်များသည် မဟာအာကာသတွင်းနက်များကိုသာ တစ်ခုချင်း ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဖင်လန်နိုင်ငံ တာကူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် OJ 287 ကြယ်စုအတွင်းရှိ တစ်ခုနှင့်တစ်ခုလှည့်ပတ်နေသော အာကာသတွင်းနက်နှစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

ဖင်လန် သိပ္ပံပညာရှင်များသည် မြေပြင်အခြေစိုက်ရေဒီယိုတယ်လီစကုပ်များကို လနှင့်ကမ္ဘာအခြားတည်ရှိမည့် ဂြိုဟ်တုတစ်စင်းနှင့်ချိတ်ဆက်၍ အထက်ပါ အာကာသတွင်းနက် နှစ်ခုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အမျိုးသားများဆီးအိတ်ကင်ဆာဖြစ်ပွားနှုန်းမြင့်မားမှု နောက်ခံအကြောင်းတရားကို ဖော်ထုတ်တွေ့ရှိ

**မက်ဒရစ် အောက်တိုဘာ ၁၂**

အမျိုးသားများကြား ဆီးအိတ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း မြင့်မားရခြင်း၏ နောက်ခံအကြောင်းတရားကို သုတေသနပညာရှင်များက ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

စပိန်နှင့် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျိုးသားများ၏ ဆီးအိတ်ကင်ဆာနှင့် ဆက်စပ်နေသည့် မျိုးဗီဇများပို၍ပေါ်ထွက်လွယ်ကြောင်း သိရသည်။

အမျိုးသားများကြား ဆီးအိတ်ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းမှာ အမျိုးသမီးများကြား ဖြစ်ပွားနှုန်းထက် လေးဆပိုများကြောင်း၊ ယခင်ပြုလုပ်ခဲ့သည့် သုတေသနစစ်တမ်းများ၌ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

စပိန်နှင့်အမေရိကန်သုတေသနပညာရှင်များသည် ဆီးအိတ်တစ်ရှူးနမူနာ အများအပြားကို လေ့လာဆန်းစစ်ခဲ့ရာ အမျိုးသားများ၏ဆီးအိတ်ကင်ဆာနှင့်ဆက်စပ်နေသော မျိုးဗီဇများ၌ ဗီဇဖောက်ပြန်မှုများရှိနေပြီး ကင်ဆာဆဲများ ပုံတူပွားနိုင်ခြေပို၍မြင့်မားလာတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်သည် ဆီးအိတ်ကင်ဆာရောဂါကို စောစောစီးစီးရှာဖွေဖော်ထုတ်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လူငယ်ဘဝ၌ ကျန်းမာရေးနှင့်ညီညွတ်သောအလေ့အထများ ကျင့်သုံးပါက နှလုံးကျန်းမာရေး တိုက်ရိုက်အကျိုးရှိ

**နယူးယောက် အောက်တိုဘာ ၁၂**

အသက် ၂၀ နှင့် ၃၀ ခန့်အရွယ် လူငယ်ဘဝ၌ ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်များ ကျင့်သုံးခဲ့ပါက နောင်နှစ်ပေါင်းများစွာထိ နှလုံးကျန်းမာရေးအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များအဆိုကိုကိုးကား၍ အောက်တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်လူငယ် ၄၂၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လူငယ်ဘဝ၌ နှလုံးကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်များကျင့်သုံးခဲ့ပါက နှလုံးကျန်းမာရေးအပေါ် ရေရှည်အားဖြင့် အကျိုးကျေးဇူးရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါအလေ့အထများ ကျင့်သုံးမှုအားနည်းသူများ၊ ကျင့်သုံးမှုမရှိသူများတွင် နှလုံးရောဂါများ ဖြစ်နိုင်ခြေ ၁၀ ဆထိ မြင့်မားလာတတ်ကြောင်း သိရသည်။

နှလုံးကျန်းမာရေးအတွက် အကျိုးရှိသည့် အလေ့အထများမှာ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စားသုံးမှု၊ လေ့ကျင့်ခန်းပြုလုပ်မှု၊ ဆေးလိပ်ပြတ်မှု၊ အိပ်ရေးဝဝအိပ်စက်မှု၊ ကိုယ်အလေးချိန် ပုံမှန်ထိန်းထားနိုင်မှု၊ သွေးဖိအားကို ထိန်းထားနိုင်မှုနှင့် သွေးအတွင်းသကြားဓာတ်နှင့် ကိုလက်စထရောပါဝင်မှုကို ထိန်းချုပ်မှုတို့ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပွဲအနည်းဆုံးဖြင့် နိုင်ငံတကာသွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် တိုက်စစ်မှူးဟာလန်း မှတ်တမ်းဝင်



**အော့စလို အောက်တိုဘာ ၁၂**

နော်ဝေအသင်းနှင့် အစ္စရေးအသင်းတို့ ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် နော်ဝေအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဟာလန်းက နိုင်ငံတကာသွင်းဂိုး ၅၀ အမြန်ဆုံး ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နော်ဝေအသင်းက အစ္စရေးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ပွဲကစားချိန် ၂၇ မိနစ်၊ ပွဲကစားချိန် ၆၃ မိနစ်နှင့် ပွဲကစားချိန် ၇၂ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲ ၄၃ ပွဲတွင် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီး တိုက်စစ်မှူးဟောင်းပီလီ၏ ၄၉ ပွဲဖြင့် သွင်းဂိုး ၅၀ ပြည့်မြောက်သည့်စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲ သမိုင်းတွင် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားများမှာ ဒိန်းမတ်တိုက်စစ်မှူး ပေါလ်နယ်ဆန်က ပြိုင်ပွဲစုံ ၃၆ ပွဲဖြင့် အဆင့် (၁)၊ ဂျာမနီတိုက်စစ်မှူး ဂတ်မူလာက ပြိုင်ပွဲစုံ ပွဲ ၄၀ ဖြင့် အဆင့် (၂)၊ ဟန်ဂေရီတိုက်စစ်မှူး ပူးစကက်စ်က ပြိုင်ပွဲစုံ ၄၁ ပွဲဖြင့် အဆင့် (၃)၊ ဟန်ဂေရီတိုက်စစ်မှူး ဆန်ဒေါက ပြိုင်ပွဲစုံ ၄၂ ပွဲဖြင့် အဆင့်(၄)၊ နော်ဝေအသင်း တိုက်စစ်မှူး ဟာလန်းက ပြိုင်ပွဲစုံ ၄၃ပွဲဖြင့် အဆင့် (၅)၊ ဘရာဇီး တိုက်စစ်မှူးပီလီက ပြိုင်ပွဲစုံ ၄၉ ပွဲဖြင့် အဆင့် (၆) နေရာတွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : SI

Trs : ML

# ကမ္ဘာ့ဈေးအကြီးဆုံး ကစားသမားအစုအဖွဲ့ကို ပိုင်ဆိုင်ထားသည့် အသင်းအဖြစ် ချဲလ်ဆီးအသင်း ထိပ်ဆုံး၌ရပ်တည်

**လန်ဒန် အောက်တိုဘာ ၁၂**

CIES၏ စစ်တမ်းကောက်ဖော်ပြချက်အရ ကမ္ဘာ့ဘောလုံးလောကတွင် ဈေးအကြီးဆုံး ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ကလပ်အသင်း ၁၀ သင်းတွင် ချဲလ်ဆီးအသင်းက စပိန်ထိပ်တန်း ကလပ်အသင်းများကို ကျော်ဖြတ်ပြီး ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်သစ် တော့ဘိုလီ လက်အောက်တွင် အပြောင်းအရွှေ့ကာလများ၌ ပြောင်းရွှေ့ကြေး အသုံးစရိတ်အများအပြား အသုံးပြုခဲ့ပြီး ကစားသမားအများအပြားကိုခေါ်ယူခဲ့ကာ ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကလည်း ဂါနာချို၊ ဒီလက်၊ ပက်ဒရို၊ ဂစ်တန်းအစရှိသည့် လူငယ်ကစားသမားအများစုကို ခေါ်ယူခဲ့သကဲ့သို့ ကစားသမားရောင်းချမှုမှလည်း စတာလင်ပေါင် ၃၁၅ သန်း ရရှိခဲ့သည်။

CIES၏ စစ်တမ်းကောက်ဖော်ပြချက်အရ ကမ္ဘာ့ဘောလုံးလောကတွင် ဈေးအကြီးဆုံး ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ကလပ်အသင်း ၁၀ သင်းတွင် မန်ယူအသင်း ပါဝင်ခဲ့ခြင်းမရှိခဲ့ဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်း ငါးသင်းထိ ပါဝင်ခဲ့သည်။

CIES၏ စစ်တမ်းကောက်ဖော်ပြချက်အရ ကမ္ဘာ့ဘောလုံးလောကတွင် ဈေးအကြီးဆုံး ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ကလပ်အသင်း ၁၀ သင်းတွင် ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၅၆ ဘီလီယံဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ပြီး ချဲလ်ဆီးအသင်း၏နောက်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ၁ ဒသမ ၄၆ ဘီလီယံ၊ မန်စီးတီးအသင်းက ၁ ဒသမ ၂၈ ဘီလီယံ၊ အာဆင်နယ်အသင်းက ၁ ဒသမ ၂၇ ဘီလီယံ၊ ပီအက်စ်ဂျီအသင်းက ၁ ဒသမ ၂၅ ဘီလီယံ၊ လီဗာပူးအသင်းက ၁ ဒသမ ၂၁ ဘီလီယံ၊ ဘာစီလိုနာအသင်းက ၁ ဒသမ ၁၇ ဘီလီယံ၊ စပါးအသင်းက ၉၀၇သန်း၊ ဘိုင်ယန်မြူးနစ်အသင်းက ၈၀၉သန်းနှင့် အင်တာမီလန်အသင်းက သန်း ၇၅၀ ဖြင့် ထိပ်ဆုံး ၁၀သင်းနေရာ၌ ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : CIES

Trs : STA



# အင်တာမီယာမီအသင်းပူးတွဲပိုင်ရှင် ဘက်ခမ်းက နေမာကို ခေါ်ယူပြီး MSNတိုက်စစ်ကို ပြန်လည်ပုံဖော်ရန် ကြိုးပမ်း

**မီယာမီ အောက်တိုဘာ ၁၂**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းပူးတွဲပိုင်ရှင် ဒေးဗစ်ဘက်ခမ်းက ဆန်းတို့စ်အသင်းမှ နေမာကို ပြန်လည်ခေါ်ယူပြီး MSN တိုက်စစ် အတွဲအဖက်ကို ပြန်လည် ပုံဖော်ရန်အတွက် ကြိုးပမ်းနေသည်။

မက်ဆီ၊ ဆွာရက်၊ နေမာ ဦးဆောင်သည့် MSNတိုက်စစ်သည် တစ်ချိန်က ဘာစီလိုနာအသင်းတွင် နာမည်ကြီးခဲ့ပြီး BBC တိုက်စစ်အဖြစ်သတ်မှတ်ခဲ့ကြသည့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်အတွဲဖြစ်သည့် ဘေးလ်၊ ဘင်ဇီးမား၊ စီရော်နယ်ဒိုတို့နှင့်အပြိုင် ကမ္ဘာ့ထိပ်တန်းတိုက်စစ် အတွဲအဖက်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အင်တာမီယာမီ အသင်းပူးတွဲပိုင်ရှင်ဘက်ခမ်းက အင်တာမီယာမီအသင်းကို ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး မေဂျာလိဂ်ပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ မက်ဆီကို ခေါ်ယူခဲ့ပြီးနောက် မက်ဆီ၏ဘာစီလိုနာအသင်းဖော်ဟောင်းများဖြစ်သည့် အယ်လ်ဘာ၊ ဘက်စ်ကွက်၊ ဆွာရက်တို့ကို ခေါ်ယူခဲ့ပြီး ယခုအခါတွင်လည်း နေမာကိုခေါ်ယူကာ MSN တိုက်စစ် အတွဲအဖက်ကို ပြန်လည်ပုံဖော်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နေမာ၏အေးဂျင့်အဖွဲ့ကလည်း နေမာ၏ ပုံရိပ်ကို မြှင့်တင်လိုနေသည့်အတွက် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံ၌ ပူးတွဲကျင်းပမည်ဖြစ်သောကြောင့် ဆန်းတို့စ်အသင်းမှ ထွက်ခွာပြီး အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

နေမာအနေဖြင့် အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ခဲ့ပါက ဘာစီလိုနာအသင်းတိုက်စစ်အတွဲအဖက်ဟောင်း ဖြစ်သည့် MSNတိုက်စစ်ကို အင်တာမီယာမီအသင်းတွင် ပြန်လည်တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မိုနာကိုအသင်းက စိန့်ဂျီလိုစီနည်းပြ ပိုကိုဂနိုလီကို နည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာ

**ပဲရစ် အောက်တိုဘာ ၁၂**

မိုနာကိုအသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဟက်တာ၏နေရာတွင် စိန့်ဂျီလိုစီနည်းပြ ပိုကိုဂနိုလီကို နည်းပြသစ်ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၃၈ နှစ်ရှိ နည်းပြပိုကိုဂနိုလီသည် မိုနာကိုအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ် ဇွန်လထိ စာချုပ်ချုပ်ဆိုခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စိန့်ဂျီလိုစီအသင်းကို ဘယ်လ်ဂျီယံ အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပရိုလိဂ်ပြိုင်ပွဲ ပွဲ ၅၀ တွင် တစ်ပွဲပျမ်းမျှ ၂ ဒသမ ၁၂ ရမှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ၂၁ ရာစုအတွင်း ပရိုလိဂ်ပြိုင်ပွဲ နည်းပြများထဲ၌ အကောင်းဆုံးနည်းပြ ဖြစ်လာခဲ့ကြောင်း သိရသည်။



နည်းပြ ပိုကိုဂနိုလီသည် မိုနာကိုအသင်းကို လာမည့်စနေနေ့တွင်ကစားမည့် အန်ဂါအသင်းနှင့် ပွဲစဉ်တွင် စတင်တာဝန်ယူမည်ဖြစ်ပြီး မိုနာကိုအသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲ ကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၁၃ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့် (၇)နေရာသို့ ရောက်ရှိနေသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်ထားသော်လည်း စာချုပ်သစ်အတွက် သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။
- ပေါ်တူဂီအသင်းနှင့် အိုင်ယာလန်အသင်းတို့ ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ကွင်းလယ်ကစားသမား နီဗက်စ်၏ နောက်ကျသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အိုမိုသည် ကြွက်သားဒဏ်ရာသက်သာလာခြင်းမရှိသောကြောင့် လာမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည့်ပွဲစဉ်အထိ ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ML

# အာရှအမျိုးသမီး ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအမျိုးသမီး ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (C)အတွက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အုပ်စု(C)မှ နည်းပြများဖြစ်သည့် မြန်မာအသင်းနည်းပြ Kumiko Tashiro၊ မကာအိုအသင်းနည်းပြ Chen Yan၊ အင်ဒိုနီးရှားအသင်းနည်းပြ Timo တို့တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

မြန်မာအသင်းနည်းပြ Kumiko Tashiro က"အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်လို့ ကျေနပ်ပျော်ရွှင်မိပါတယ်။ ကစားသမားတွေကိုလဲ ပြင်းပြင်းထန်ထန် ကြိုးစားဖို့နဲ့ ရည်မှန်းချက်ကိုယ်စီထားဖို့ ပြောထားပါတယ်။ ဖိအားရှိပေမဲ့ ခြေစစ်ပွဲအောင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ကိုင်တွယ်ခဲ့တဲ့ သုံးလတာကာလအတွင်း ကစားသမားတွေရဲ့ ခြေစွမ်း၊ နည်းစနစ်ပိုင်း တိုးတက်လာဖို့ ပြုလုပ်ခဲ့ပါတယ်။ ကွင်းတွင်းသာမက ကွင်းပြင်ပမှာလဲ အရာရာကို ဆုံးဖြတ်နိုင်စွမ်းရှိအောင် သင်ကြားပေးခဲ့ပါတယ်။ အောင်မြင်မှုရဖို့ ပြင်းပြင်းထန်ထန် ကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အာရှအမျိုးသမီး ယူ-၁၇ပြိုင်ပွဲ အုပ်စု(C)တွင် အိမ်ရှင် မြန်မာအသင်းနှင့်အတူ မကာအိုအသင်း၊ အင်ဒိုနီးရှားအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေပြီး မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မကာအိုအသင်း၊ အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး လက်မှတ်ခများကို ငွေကျပ် ၃၀၀၀၊ ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

STA

# ISPE အသင်းက အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အဆင့် ကစားသမား ကိုးဦးကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် အောက်တိုဘာ ၁၂**

အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲကစားမည့် မြန်မာနိုင်ငံ ကိုယ်စားပြု ISPE အသင်းက မြန်မာ့လက်ရွေးစင်အဆင့် အဓိက ကစားသမား ကိုးဦးကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူအင်အားဖြည့်တင်းခဲ့ကြောင်း သိရသည်။

ISPE အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် ခြေစစ်ပွဲ မတိုင်မီကလည်း လက်ရွေးစင်အဆင့် ကစားသမား ခြောက်ဦးကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူ အင်အားဖြည့်တင်းခဲ့ပြီး ခြေစစ်ပွဲ အုပ်စုအဆင့်တွင်လည်း ရလဒ်ကောင်းများရရှိခဲ့ကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရန်အတွက် လက်ရွေးစင်အဆင့် ကစားသမားများဖြစ်သည့် ရှေ့ဝတီအသင်းမှ စန်းသော်သော်၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ သစ္စာအားမာန်အသင်းမှ မြတ်နိုးခင်၊ ခင်မိုမိုထွန်း၊ မျိုးမြမြငြိမ်း၊ ရန်ကုန်ယူနိုက်တက်အသင်းမှ ယွန်းဝတီလှိုင်နှင့် ဖြူဖွေးတို့ကို ခေါ်ယူ အင်အား ဖြည့်တင်းခဲ့ကြောင်း သိရသည်။

STA

# WBA စူပါဝယ်သာဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံခါးပတ်ကို အန်နစ်ဆွတ်ခူး

**ပင်ဆယ်ဗေးနီးယား အောက်တိုဘာ ၁၂**

WBA စူပါဝယ်သာဝိတ်တန်း ယာယီ ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အမေရိကန်လက်ဝှေ့သမား အန်နစ်နှင့် အန်ဂိုလာလက်ဝှေ့သမား လီမာတို့ ယနေ့တွင် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ ထိုးသတ်ခဲ့ရာ အန်နစ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အန်နစ်သည် ဝယ်သာဝိတ်တန်း ၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သည်။

စူပါဝယ်သာ ဝိတ်တန်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် WBA စူပါဝယ်သာဝိတ်တန်း ယာယီ ကမ္ဘာ့ချန်ပီယံအတွက် လီမာကို ပထမအချီ နှစ်မိနစ်မပြည့်မီမှာပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

IBO စူပါဝယ်သာဝိတ်တန်း ချန်ပီယံလီမာအတွက် ဒုတိယမြောက်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး ချန်ပီယံခါးပတ်နှစ်ခု ပိုင်ဆိုင်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသည်။



အန်နစ်က "ဒီပွဲစဉ်အတွက် ကျွန်တော် အချိန်အကြာကြီး စောင့်ခဲ့ရတာပါ။ ကြိုးဝိုင်းအတွင်းမှာ ကျွန်တော်လုပ်နိုင်သမျှ အကုန်လုပ်ဆောင်ခဲ့ပါတယ်။ အခုလို ပွဲစောစောပြီးသွားမယ် လို့တော့ မမျှော်လင့်ထားပါဘူး။ ကျွန်တော့်ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာပါပြီ"ဟု ပြောကြားခဲ့သည်။

အန်နစ်သည် WBC စူပါဝယ်သာဝိတ်တန်း ယာယီ ကမ္ဘာ့ချန်ပီယံကိုပါ ဆွတ်ခူးလိုသည့်အတွက် လက်ရှိယာယီချန်ပီယံ အမေရိကန်လက်ဝှေ့သမား အော့တစ်ဇ်ကို တရားဝင်စိန်ခေါ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : AZL**

# Wuhan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ကိုကိုဂတ်ဖ်နှင့် ပီဂူလာတို့ တက်ရောက်

**ဝူဟန် အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပနေသည့် Wuhan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည့် အမေရိကန် တင်းနစ်မယ်များဖြစ်ကြသော ကိုကိုဂတ်ဖ်နှင့် ပီဂူလာတို့သည် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပီဂူလာက (၂-၆ ၊ ၆-၄ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ပီဂူလာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ပွဲငယ်နှစ်ပွဲဆက်တိုက် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခြင်းခံထားရသည့် ဆာဘာလင်ကာကို အနိုင်ရရှိခဲ့ခြင်းကြောင့်လည်း ဗိုလ်စွဲရန် ရေပန်းစားလာခဲ့သည်။

အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ်ကိုကိုဂတ်ဖ်သည် အီတလီတင်းနစ်မယ်ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကိုကိုဂတ်ဖ်က (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုကိုဂတ်ဖ်အနေဖြင့် ရာသီဝက်နောက်ပိုင်း စွမ်းဆောင်ရည်ကျဆင်းကာ ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီးနောက် ဝူဟန်မြို့တွင် ပုံစံကောင်းများ ပြန်လည်ရရှိကာ ပါအိုလီနီကို ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပီဂူလာက "ဝူဟန်မြို့မှာ ကိုကိုဂတ်ဖ်နဲ့ ဗိုလ်လုပွဲစဉ် ကစားသွားရမှာကို စိတ်လှုပ်ရှားမိပါတယ်။ ကိုကိုဂတ်ဖ်နဲ့ ကျွန်မက တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းကောင်း သိကြတဲ့သူတွေပါ။ ဘယ်သူကဘယ်လို ကြိုးစားကစားသွားမလဲ ဆိုတာကိုလဲ ကောင်းကောင်း သိထားကြတယ်။ Game Plan တွေနဲ့ ပတ်သက်ပြီးတော့လဲ တစ်ယောက်နဲ့ တစ်ယောက် လျှို့ဝှက်ထားလို့မရဘူး။ တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ ဗိုလ်လုပွဲစဉ် ဖြစ်လာလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Deadspin**

**Trs : AZL**



# ဂါလာတာစာရေးအသင်းက လီဗာပူးအသင်းမှ ဆာလာဟ်ကို မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန်ပြင်ဆင်နေ

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၂**

တူကီယဲ ထိပ်တန်းကလပ်အသင်းဖြစ်သည့် ဂါလာတာစာရေးအသင်းက လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် စတင်ကြိုးပမ်းနေကြောင်း သိရသည်။

တူကီယဲအသင်းသည် ချန်ပီယံဆုကို ကာကွယ်နိုင်ရန်အတွက် ပြီးခဲ့သည့်ရာသီက နာပိုလီအသင်းထံမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် အိုစီမန်ကို အပြီးသတ်ခေါ်ယူခဲ့သကဲ့သို့ ယခုအခါတွင်လည်း ဆာလာဟ်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဆာလာဟ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ပြီး တစ်ဦးချင်းဆုများပါ ဆွတ်ခူးနိုင်ခဲ့ကာ ထိပ်တန်း ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

လီဗာပူးအသင်းက ဆာလာဟ်ကို ပြီးခဲ့သည့် ရာသီအကုန်က နှစ်နှစ်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်းတွင် အန်တီကီတီ၊ အီဆက်တို့ရှိနေသည့်အတွက် ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးရရှိပါက ပြန်လည်ရောင်းချနိုင်သောကြောင့် ဂါလာတာစာရေးအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေပြီး ဆော်ဒီထိပ်တန်းကလပ် အသင်းများကလည်း အပြိုင် စောင့်ကြည့်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချဖို့ အလေးထားဆောင်ရွက်စို့

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက် ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများ ကျရောက်ခြင်း စသည့်အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်ကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သည်။ သဘာဝဘေးအန္တရာယ်မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်ခတ်မှုများ၊ အင်အားပြင်းထန်သောလေမုန်တိုင်းကြီးများတိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများလည်းများပြားခဲ့သည်။ အချို့သော ဒေသများတွင် မုန်တိုင်းဒဏ်ခံသော အဆောက်အအုံများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့**

နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်သည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းရပ်ဝန်းအဖြစ် တည်ဆောက်ရာ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် အောက်တိုဘာလ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ "International Day for Disaster Risk Reduction (IDDR)" အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်ကျင်းပ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၌လည်း ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်။

**သဘာဝဘေးအန္တရာယ်လျော့ပါးရေး**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကမ္ဘာတွင်နှစ်စဉ် ပိုမိုကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကြောင့်ထိခိုက်ဆုံးရှုံးမှုများကို အလေးထားပြီး ထိရောက်စွာ စီမံခန့်ခွဲလျှော့ချနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်ထိ ၁၀ နှစ်တာကာလကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျှော့ချရေး ဆယ်စုနှစ် (The International Decade for Natural Disaster Reduction –IDNDR) အဖြစ်သတ်မှတ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ပါးသက်သာရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများအားလုံး ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့သည်။

၁၉၉၄ ခုနှစ် မေလ ၂၃ ရက်မှ ၂၇ ရက်ထိ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပထမဆုံးအကြိမ် ကမ္ဘာ့ညီလာခံကိုကျင်းပခဲ့ပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးရေးတို့နှင့်ပတ်သက်သည့် ယိုကိုဟားမား မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်ထိ ဂျပန်နိုင်ငံ ယိုဂိုမြို့တွင် ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံကို ကျင်းပခဲ့ပြီး ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ယိုဂိုမူဘောင် (၂၀၀၅-၂၀၁၅)ကို လည်းကောင်း၊ အလားတူ ၂၀၁၅ ခုနှစ် မတ် ၁၄ ရက်မှ ၁၈ ရက်ထိ ဂျပန်နိုင်ငံ ဆန်ဒိုင်းတွင် ကျင်းပြုလုပ်ခဲ့သည့် တတိယအကြိမ် ကမ္ဘာ့ညီလာခံက ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀) ကိုလည်းကောင်း အသီးသီးရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။

**❖ ကမ္ဘာ့နိုင်ငံအများစုတွင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကြောင့် မုန်တိုင်းဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မြေငလျင်ဘေးများ ဖြစ်ပွားခံစားနေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကို ခံစားခဲ့ရသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်၏သဘောသဘာဝအရ လုံးဝမဖြစ်အောင် ကာကွယ်တားဆီး၍ မရနိုင်ခြင်းကြောင့် ဖြစ်ပွားလာသည့်အချိန်တွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းအောင် စီမံဆောင်ရွက်မှုများ လုပ်ဆောင်ထားရန်လိုအပ်သည်။❖**

ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေး စသော ကမ္ဘာမြေထိန်းသိမ်းရေး ကိစ္စရပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာမြေ ထိပ်သီးအစည်းအဝေး (World Earth Summit) စသော ညီလာခံများ၊ အစည်းအဝေးများကို စဉ်ဆက်မပြတ်ကျင်းပခဲ့သည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap၊ ပဲရစ်သဘောတူညီချက် (Paris Agreement) အစရှိသည့် စာချုပ်များ၊ သဘောတူညီချက်များစွာ ထွက်ပေါ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအများစုက လိုက်ပါဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာကြီးတည်တံ့ရန်နှင့် သက်ရှိသက်မဲ့များကို သဘာဝဘေးအန္တရာယ်များ၏ ထိခိုက်ခံရမှုမှ လျော့နည်းသက်သာစေရန်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ ပူးပေါင်းဆောင် ရွက်မှု အရှိန်အဟုန်ကိုမြှင့်တင်ရန်၊ အထူးသဖြင့် နိုင်ငံတကာ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပိုမိုကူညီ လုပ်ဆောင်ပေးရန်ဆိုသည့် ပန်းတိုင်ကို သတ်မှတ်ထားရှိခြင်းဖြစ်သည်။

**ထိခိုက်ဆုံးရှုံးလျက်ရှိ**

လက်ရှိအချိန်တွင် သဘာဝဘေးအန္တရာယ်များသည် ခပ်စိပ်စိပ်ဖြစ်ပွားလာလျက်ရှိရာ ထိခိုက်ဆုံးရှုံးမှုများ များပြားလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀၂ ဘီလီယံခန့်ဆုံးရှုံးလျက်ရှိပြီး စီးပွားရေးဆိုင်ရာ သက်ရောက်မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံခန့်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အများဆုံးခံစားရပြီး ဓနအင်အားကြွယ်ဝသောနိုင်ငံများသည် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများကို ရင်ဆိုင်ရလျက်ရှိသည်။ သို့သော် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ပြည်သူ့ဘတ်ဂျက်များ၏ တစ်ရာခိုင်နှုန်းအောက်တွင်သာရှိသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ ဆောင်ပုဒ်ကို "Fund Resilience, Not Disasters" "ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး" ဟူ၍ချမှတ်ထားပြီး သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် ရန်ပုံငွေပိုမိုထူထောင်သွားရန် နှိုးဆော်ထားခြင်းဖြစ်သည်။ ဆိုရလျှင် ပြည်သူ့ပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးမဟာဗျူဟာသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျစ်လျူရှုထားလေ့ရှိသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု ၇၅ ရာခိုင်နှုန်းခန့် လုပ်ဆောင်နေသည့် ပုဂ္ဂလိကကဏ္ဍသည် ရာသီဥတုခြိမ်းခြောက်မှုများကို လျစ်လျူရှုနေသောကြောင့် ထိခိုက်ဆုံးရှုံးမှုအလားအလာများ မြင့်တက်လျက်ရှိသည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ဖြစ်ပွားနိုင်ခြေများပြားပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နေရာဒေသများ၊ သက်ရှိ၊ သက်မဲ့များ၊ သဘာဝပတ်ဝန်းကျင်များကို ဖျက်ဆီးခံရမှု၊ ထိခိုက်စေမှု၊ ဆုံးရှုံးစေမှုများမှ ကာကွယ်ပေးနိုင်ရန်၊ လျှော့ချပေးနိုင်ရန်နှင့် လျော့ပါးစေရန်အတွက် ယခင်ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်သည်။

**သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချဖို့ အလေးထားဆောင်ရွက်စို့**

ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအများဆုံးခံရသည့် နိုင်ငံများသည် အာဖရိကနိုင်ငံများဖြစ်သည်။ ကမ္ဘာ့တိုက်ကြီးများထဲတွင် အမေရိကတိုက်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးဖြစ်ပြီး ၎င်း၏နောက်တွင် အာရှတိုက်၊ အာဖရိကတိုက်၊ သမုဒ္ဒရာဒေသတွင်းနိုင်ငံများနှင့် ဥရောပတိုက်တို့က အစဉ်လိုက်ရှိနေသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကြောင့် မုန်တိုင်းဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မြေငလျင်ဘေးများဖြစ်ပွားခံစားနေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကိုခံစားခဲ့ရသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်၏ သဘောသဘာဝအရ လုံးဝမဖြစ်အောင် ကာကွယ်တားဆီး၍ မရနိုင်ခြင်းကြောင့် ဖြစ်ပွားလာသည့်အချိန်တွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းအောင် စီမံဆောင်ရွက်မှုများလုပ်ဆောင်ထားရန်လိုအပ်သည်။ ထိုသို့ စီမံဆောင်ရွက်ရာ၌လည်း ကဏ္ဍတိုင်းတွင် ဖြစ်ပေါ်လာနိုင်မည့် ထိခိုက်ဆုံးရှုံးမှုများကိုမြော်တွေးပြီး ကြိုတင်စီမံကာကွယ်ဆောင်ရွက်သွားရန် လိုအပ်သည်။ ဆိုရလျှင် သဘာဝဘေးအန္တရာယ်သည် နေရာအချိန်မရွေး ဖြစ်ပွားတတ်ခြင်းကြောင့် တွေ့ကြုံရင်ဆိုင်ကြရသည့်အချိန်၌ လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ ရှောင်ကြဉ်ရမည့်အချက်များကိုသိရှိပြီး အတိအကျလိုက်နာဆောင်ရွက်သွားရန်လိုအပ်သည်။

ကမ္ဘာ့လူဦးရေသည် ၂၀၂၄ ခုနှစ်တွင် ၈ ဒသမ ၂ ဘီလီယံရှိရာမှ ၂၀၈၀ ပြည့်နှစ် နှစ်လယ်တွင် ၁၀ ဒသမ ၃ ဘီလီယံထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ ထိုသို့ ကမ္ဘာကြီးတွင် လူဦးရေတိုးပွားများပြားလာမှုနှင့်အတူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများချဲ့ထွင်လာမှု၊ ကမ္ဘာ့အပူချိန်မြင့်မားလာ မှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သစ်ပင်သစ်တောများပြုန်းတီးလာမှု စသည့်များပြားသော အခြေခံအကြောင်းများကြောင့် သဘာဝဘေးအန္တရာယ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပွားလာနေသကဲ့သို့ ဆိုးရွားသည့် သက်ရောက်မှုများသည်လည်း ပိုမိုပြင်းထန်လာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရန် စဉ်ဆက်မပြတ် သတိပြုဆောင်ရွက်သွားရန် လိုအပ်သည်။

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့်လုပ်ငန်းများမဟုတ်ဘဲ နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းက နယ်ပယ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာလျှင် ကမ္ဘာလုံးအတိုင်းအတာနှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အတိုင်းအတာအလိုက် မျှော်မှန်းထားချက်များကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- (၁) **https://www.un.org/en/observances/disaster-reduction-day**
- (၂) **နေ့စဉ်ထုတ်သတင်းစာများ။**


**မောင်သောင်းဝင်း(တမန်ဟောင်း)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ဆုံမှတ်ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို အလုံမြို့နယ်ရှိ ZEAlAX Hotel တွင် ပြုလုပ်




ရန်ကုန် အောက်တိုဘာ ၁၂

Real Brother Film Production က ရိုက်ကူးထုတ်လုပ်သည့် ဆုံမှတ်ဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို အောက်တိုဘာလ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ZEALAX Hotel တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဆုံမှတ်ဇာတ်လမ်းတွဲကိုတာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ အဂ္ဂမာန်ထံမှ သိရသည်။

အဆိုပါ ဆုံမှတ်ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ခွန်သာချိုက ရေးသားထားပြီး ယုန်လေး (TMK)၊ အင်ကြင်းဦး၊ မေမြတ်ချမ်းသာ တို့က ဇာတ်ညွှန်းရေးသားကာ Real Brother Film Production အတွက် ဒါရိုက်တာ အဂ္ဂမာန်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ မြန်မာ ပြည်ဖွား အိန္ဒိယနွယ်ဖွားက ဇာတ်လမ်းတွဲမှာ သေချာလေး ရိုက်ကူးဖို့ စီစဉ်ဖြစ်တာပါ။ အိန္ဒိယ ရိုးရာယဉ်ကျေးမှုတွေလဲ ပါဝင်မယ်။ မြန်မာ့ယဉ်ကျေးမှုတွေလဲ ပါဝင်မယ်။ နှစ်ခုပေါင်းစပ်လိုက်ရင် မှတ်တိုင်တစ်ခုကျန်အောင် လုပ်ဆောင်လိုက်တာပါ။ ဆုံမှတ်လို့ နာမည်ပေးလိုက်တာကလဲ အကြောင်းအရာတွေက လာဆုံမှ အဖြေတစ်ခုထွက်တာလေ။ ဒါကြောင့်ပါ။ ဒရာမာအက်ရှင်ဇာတ်လမ်းက ပရိသတ်တွေရသတစ်မျိုး ခံစားရမှာပါ။ ဇာတ်လမ်းတွဲက အပိုင်း (၂၀) ထိ ပါဝင်မှာပါ"ဟု ဒါရိုက်တာအဂ္ဂမာန်က ပြောပြသည်။

ဆုံမှတ်ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ ထွန်းမင်း၊ မင်းဟိဏ်း၊ တင်မောင်ဆန်းမင်းဝင်း၊ ခွန်သာချို၊ ဒေါင်းဝေမျိုးကြည်၊ ရာမ်ကီး(ခ်)ရဲကိုကို၊ ရဲသွေးသီဟ၊ နေခြည်ရွှန်းလက်၊ သုန္ဒြေဦး၊ သာသာ၊ မိုးမြင့်မြတ်စိုး၊ ထက်ယမင်းအိမ်၊ ဒီပါး(ခ)ချောစုသူဇာနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Jumanji ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာလအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရိုက်ကူးမည်

နယူးယောက် အောက်တိုဘာ ၁၂

ဆိုနီရုပ်ရှင်ကုမ္ပဏီအနေဖြင့် Jumanji ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာလအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Jumanji ဇာတ်ကားသစ်တွင် မင်းသား ဒွိန်းဂျွန်ဆင်၊ ကီဗင်ဟာ့၊ ဂျက်ပလက်၊ မင်းသမီး ကာရင်ဂီလန်နှင့် ဘရက်တနီအိုရက်ဒီတို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ကတ်စဒန်ကပင် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် Jumanji ဇာတ်ကား သစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ပင်ကနာနှင့် စကော့ရိုစင်ဘာ့ဂ်တို့က ရေးသားပေးထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# MRTV-4 ရုပ်သံလိုင်းမှ မြူနှင်းတို့ထာဝရဝေ ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၇ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၁၂

MRTV-4 ရုပ်သံလိုင်းမှ မြူနှင်းတို့ထာဝရဝေ ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၇ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ မြူနှင်းတို့ထာဝရဝေ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာကိုကိုဝင်းထံမှ သိရသည်။




အဆိုပါ မြူနှင်းတို့ထာဝရဝေ ရုပ်သံဇာတ်လမ်းတွဲသည် ထင်ရှားသည့်စာရေးဆရာမကြီး ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၏ ဝတ္ထုဇာတ်လမ်းကို ကျော်ကျော်ထွန်း၊ ကျော်ရာဇာကိုတို့က ဇာတ်ညွှန်းရေးသားထားသည့်ဇာတ်လမ်းတွဲဖြစ်ပြီး ဒါရိုက်တာကိုကိုဝင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ဆရာမကြီးကလျာ (ဝိဇ္ဇာ/သိပ္ပံ)ရဲ့ လူကြိုက်များခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့တဲ့အတွက် ဒါကိုဇာတ်လမ်းတွဲ အဖြစ်ပုံဖော်တဲ့အခါမှာ မူလ ဇာတ်လမ်းဇာတ်အိမ် မထိခိုက်အောင်နဲ့ မူလဇာတ်လမ်းမပျက်စေဖို့ အထူးဂရုစိုက်ပြီးတော့ ရိုက်ကူးခဲ့ပါတယ်။ ဇာတ်လမ်းဇာတ်အိမ် ကောင်းကောင်းကို သရုပ်ဆောင်အင်အား ကောင်းကောင်းနဲ့အကောင်းဆုံး ရိုက်ကူးထားပါတယ်" ဟု ဒါရိုက်တာကိုကိုဝင်းက ပြောပြသည်။

မြူနှင်းတို့ထာဝရဝေ ရုပ်သံဇာတ်လမ်းတွဲတွင် ရှင်မွေလ၊ ဘုန်းရှိန်ခန့်၊ ဟန်ထက်စံ၊ မှူးသီဟသူ၊ မင်းမြတ်သု၊ နေဝန်း၊ စိုးစံ၊ ထက်အောင်ထူး၊ Lနေနေဝ်၊ ဇင်မျိုးဇော်ဝင်းမောင်၊ ယမုံမြင့်မြတ်၊ ဂရိတ်ချမ်း၊ သံစဉ်ဆည်းဆာ၊ အဲဝေသာ၊ ပိုးသားခင်ခင်၊ ခိုင်ဇင်သွယ်၊ ချိုပြုံး၊ ဝါဝါအောင်၊ ဂွမ်းပုံကြီး၊ ကလေးသရုပ်ဆောင် သွန်းနေလ၊ ဆုရတနာထိုက်၊ နန်းမေမြတ်နိုးနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Devil Wears Prada နောက်ဆက်တွဲ ဇာတ်ကားသစ်၌ မင်းသမီး လေဒီဂါဂါ ပါဝင်

နယူးယောက် အောက်တိုဘာ ၁၂

၂၀ရာစုရုပ်ရှင်စတူဒီယို၏ The Devil Wears Prada နောက်ဆက်တွဲဇာတ်ကားသစ်၌ ကမ္ဘာကျော် အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် မင်းသမီးလေဒီဂါဂါ ပါဝင်သရုပ်ဆောင်နေကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ လေဒီဂါဂါအနေဖြင့် မည်သည့် ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်နေသည်ကို မသိရသေးပေ။

The Devil Wears Prada ရုပ်ရှင်ဇာတ်ကားသစ်တွင် လေဒီဂါဂါသည် မင်းသမီး မာရီထရိ၊ အင်နီဟေသဝေး၊ အမ်မလီဘလန့်၊ စတန်လေတပ်ချီတို့နှင့် အတူ ပါဝင်သရုပ်ဆောင်နေသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် အဆိုပါ ဇာတ်ကားရိုက်ကူးရေး လုပ်ငန်းကို ယခုနှစ် ဇွန်လကပင် စတင်ခဲ့ခြင်းဖြစ်သည်။

The Devil Wears Prada ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ် ဖရန်ကယ်ဇင်က တာဝန်ယူရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အလိန်၊ ဘရော့မက္ကင်နာတို့က ရေးသား ပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ဖိုးကာ၏ POP Night @ Judson တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် Judson Entertainment Bar တွင် ပြုလုပ်မည်

ရန်ကုန် အောက်တိုဘာ ၁၂

တေးသံရှင်ဖိုးကာ၏ POP Night @ Judson တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဖိုးကာထံမှ သိရသည်။

အဆိုပါ တေးသံရှင်ဖိုးကာ၏ POP Night @ Judson တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Judson Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၁၈ ရက်ည မှာ Judson Entertainment Bar မှာရှိနေမှာပါ။ Pop Night ဆိုတဲ့ အတိုင်း Pop သီချင်းတွေကို အတူတူဆိုကြရအောင်ပါ။ ကျွန်တော့် ပရိသတ်တွေ အလွတ်ရပြီးဖြစ်နေတဲ့ တစိမ့်စိမ့်ကြည့်၊ ငါ့ရဲ့ လျှို့ဝှက်ချက်၊ လမ်းခွဲ စတဲ့သီချင်းတွေကိုပြန်ဆိုရင်း Pop Night ဂီတညလေးကို ဖြတ်သန်းကြရအောင် "ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

တေးသံရှင်ဖိုးကာ၏ POP Night @ Judson တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၈ ရက် ည ၆ နာရီမှ စတင်ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Rainfed sesame harvested in Ayadaw Township


Rainfed sesame being harvested in a field.

**Ayadaw October 12**

Statistics of Monywa District Agriculture Department mentioned that local farmers have harvested more than 9,000 acres of rainfed sesame in Ayadaw Township of Sagaing Region this year.

In Ayadaw Township, a total of 31,375 acres of rainfed sesame were cultivated during this year's monsoon cropping season. Harvesting of the sesame fields began in August, and as of today, around 9,075 acres have been harvested, with yields averaging over 10 baskets per acre.

"This year, Ayadaw Township cultivated up to 31,375 acres of rainfed sesame. Harvesting is currently underway, and more than 9,000 acres have already been completed. Efforts have also been made to support farmers in expanding sesame acreage, improving yields, and practicing cultivation with GAP techniques," said Daw San San Myint, Head of the Monywa District Department of Agriculture.

The Township Department of Agriculture has provided awareness and training to sesame growers in Ayadaw this year to help them expand cultivation, adopt improved farming systems, use GAP methods, and grow quality, high-yield varieties.

Crops produced under the GAP system are said to have better quality and fetch higher prices compared with those grown under other farming practices. Moreover, they can be marketed not only domestically but also exported to international markets. As a result, farmers who adopt GAP-based cultivation are expected to achieve greater profitability and improvement in their socio-economic livelihoods. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Authorities earmark cultivation of more than 15,000 acres of black gram in Dabayin Township

**Dabayin October 12**

Local authorities have earmarked cultivation of more than 15,000 acres of black gram as cold season crops in Dabayin Township of Sagaing Region this year, according to YeU District Agriculture Department.

For the 2025–2026 winter crop season, it is planned to cultivate 15,147 acres of black gram in Dabayin Township, starting from October and continuing through December this year.

"For the coming winter crop season, over 15,000 acres of black gram have been planned for cultivation in Dabayin Township. We will work to ensure the full target acreage is achieved. During the planting season, we will also provide farmers with necessary technologies, quality seeds, and methods for pest and disease prevention through field visits," said U Zaw Myint Tun, Head of the YeU District Agriculture Department.

The Dabayin Township Agriculture Department will provide farmers with knowledge on using quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic fertilizer use, and ways to improve yields.

During this year's monsoon crop season, in the cultivation of various types of pulses, the respective township agriculture departments have been cooperating with farmers by supplying quality seeds, necessary inputs, and post-harvest technologies to help improve both yields and quality of pulse crops. 206

# Sagaing Township plans to grow more than 30,000 acres of wheat

**Sagaing October 12**

According to the data of Sagaing Township Agriculture Department, local farmers will grow 31,057 acres of wheat as cold season crops in Sagiang Township of Sagaing Region in coming cold season.

For the 2025–2026 winter crop season, it is planned to cultivate 31,057 acres of wheat in Sagaing Township, starting from October and continuing through December this year.

"In Sagaing Township, we have set a target to grow 31,057 acres of wheat in the coming winter crop season. We will work to achieve the full target acreage. Farmers will be given awareness sessions on wheat cultivation. To increase yields, we will provide guidance on irrigation, proper use of fertilizers, and weeding. We will also promote the use of quality and pure wheat varieties to improve output," said U Zaw Oo, Head of the Sagaing Township Agriculture Department.

It is learned that in Sagaing Township, efforts will be made to ensure all planned winter crop acreage is fully cultivated, to improve wheat yields, to systemically produce quality wheat, and to prevent pest infestations.

The cost of cultivating one acre of wheat is around K300,000, with yields of about 21 baskets per acre. Wheat is usually planted in October, November, and December, and harvested in February, March, and April. The township mostly grows pure white wheat varieties.

The Sagaing Township Agriculture Department will also provide training courses for enhance of capacity of farmers to be able to improve yields, facilitate access to quality wheat seeds, and supply pearl fertilizers at affordable prices.

206

# Businesspersons from Kyonpyaw Township send 45,000 bags of pigeon pea to Yangon in August

**Kyonpyaw October 12**

Traders from Kyonpyaw Township of Ayeyawady Region sold 45,000 bags of pigeon pea to Yangon market in August, said Daw Win Htay, the owner of pulses and beans trading depot in Kyonpyaw Township.

From Kyonpyaw Township, about 40,000 bags of 24-basket pigeon peas were delivered and sold to the Yangon market during July, while the volume increased to around 45,000 bags in August. The stronger demand for pigeon peas is attributed to the active operations of domestic pulse businesses.

"At present, the market is seeing active sales of pigeon peas. Since they are being exported to foreign markets, trading has improved. Currently, pigeon peas are mainly in the hands of storage owners and big traders. Farm produce from Kyonpyaw Township is mainly sent to Yangon through local trading centers, and from Yangon it is re-exported to other markets. In August alone, up to 45,000 bags of 24-basket pigeon peas were transported and sold," said Daw Win Htay.

Local traders in Kyonpyaw Township are purchasing the pigeon peas and delivering them to the Yangon market, where a 24-basket bag of pigeon peas is priced at around K117,000.

Kyaw Kyaw Lin

# Kawlin District to plant over 13,000 acres of winter sunflowers


A thriving winter sunflower plantation.

**Kawlin October 12**

A total of 13,100 acres of sunflowers will be planted during the next winter crops planting season in Kawlin District, Sagaing Region, according to the Department of Agriculture for Kawlin District.

The allocation of planting sunflowers in Kawlin District by townships is as per following: 11,118 acres in Kawlin Township, 1160 acres in Wuntho Township, and 822 acres in Pinlebu Township, totaling 13,100 acres.

"We will work to achieve the target acres. We will expand the cultivation of sunflowers, an oilseed crop, to reduce the need for imported palm oil. Sunflowers, an oilseed crop, yield more oil per acre than peanuts and sesame. Sunflowers are only planted in the winter," said U Win Thein, head of the Department of Agriculture for Kawlin District.

In order to expand sunflower cultivation in Kawlin District, the relevant Township Agriculture Department will intensify educational training and will conduct training courses to improve the performance of staff and farmers who will plant sunflower. 206

# UN chief to attend Gaza peace summit in Egypt

**United Nations October 12**

UN Secretary-General Antonio Guterres will travel to Egypt to attend the Sharm el-Sheikh Summit for Peace on Monday, the Office of the Spokesperson for the UN Secretary-General said on Saturday.

"The Secretary-General is traveling to Egypt to attend on Monday the Sharm el-Sheikh Summit for Peace. He is expected back at UN Headquarters on Wednesday," the office said in a brief note to correspondents.

The summit will be held in Egypt's Red Sea resort of Sharm el-Sheikh on Monday to finalize an agreement aimed at ending the war in Gaza, the Egyptian Presidency announced Saturday.

The meeting, to be co-chaired by Egyptian President Abdel Fattah El-Sisi and U.S. President Donald Trump, will bring together leaders from more than 20 countries to seek an end to the war in the Gaza Strip, enhance efforts to bring peace and stability to the Middle East, and usher in a new phase of regional security and stability, according to the Egyptian Presidency.

Xinhua

# Pwintbyu Township starts harvest of sunflower plantations

**Pwintbyu October 12**

Local farmers started harvest of rainfed sesame plantations in Pwintbyu Township of Magway Region in the first week of September this year, yielding 19.30 baskets per acre of sesame, according to the township Agriculture Department.

In Pwintbyu Township, sunflower, an oil crop, was cultivated on 1,120 acres during this year's monsoon crop season. Local farmers began harvesting the monsoon sunflower fields in the first week of September, and so far, 80 acres have been harvested. The yield has reached 19.30 baskets per acre.

"This year, sunflower was cultivated on 1,120 acres in Pwintbyu Township during the monsoon season. Harvesting started in the first week of September, and as of today, about 80 acres have been completed. Sunflower cultivation is successful, and like last year, the yield is good, with an average of 19.30 baskets per acre. To maintain yields and crop quality, farmers are being guided to carry out timely harvesting and to properly store their crops under cover," said Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu.

Farmers in Pwintbyu Township rely on sunflower cultivation in both the monsoon and winter seasons, as it requires relatively low production costs while providing higher returns. This year, the Township Agriculture Department supported monsoon sunflower growers through farmer education programs, including guidance on improving yields, pest and disease prevention, the use of quality and pure seed varieties, and achieving optimal plant density. As a result, monsoon sunflower cultivation in the township has been successful.

If sunflower is cultivated with higher yields, it will not only meet local cooking oil needs but also generate income through surplus sales, thereby improving livelihoods and contributing to socio-economic development. Therefore, expansion of sunflower cultivation should be pursued across different regions, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# Beijing warns of retaliation over US tariff ultimatums

**Beijing October 12**

Beijing has made it clear that it won't yield to Washington's latest tariff threats, urging the United States to seek a negotiated settlement instead of escalating tensions.

The warning came as part of an official statement released by China's Ministry of Commerce on Sunday. The response followed US President Donald Trump's plan to impose a 100% tariff on Chinese imports, citing Beijing's new restrictions on rare earth exports – vital materials used in products from smartphones to fighter jets.

"China's position on the trade war is consistent: we do not want it, but we are not afraid of it," the ministry stated.

The renewed friction threatens to derail a possible meeting between Trump and Chinese President Xi Jinping, scheduled to take place on the sidelines of the APEC summit in South Korea in late October or early November.

The meeting had been viewed as an opportunity to revive dialogue between the world's two largest economies. Trump has spent much of the year raising import duties on trading partners to force concessions. China, however, has refused to bend, relying on its economic leverage to counter US pressure.

"Willful threats of high tariffs are not the right way to get along with China," the Commerce Ministry said. "If the US insists on going the wrong way, China will surely take resolute measures to protect its legitimate rights and interests," it warned.

RT


The Ministry of Commerce, China, Beijing.

# Kalay District to grow more than 6,000 acres of winter sesame in comings season

**Kalay October 12**

According to the district Agriculture Department, local authorities earmarked cultivation of more than 6,000 acres of winter sesame in Kalay District of Sagaing Region this year.

During the 2025–2026 winter crop season, plans have been set for the cultivation of winter sesame across 6,093 acres in Kalay District. By township allocation, 167 acres will be planted in Kalay Township, 1,027 acres in Kalewa Township, and 4,899 acres in Mingin Township.

"Kalay District has planned to grow more than 6,000 acres of winter sesame in the coming season. Efforts will be made to fully meet this target. Sesame cultivation has been gradually increasing year by year, with more farmers planting it in the winter. As an oil crop, sesame is currently in a strong position," said U Aung, Head of the District Department of Agriculture in Kalay.

This year, the Township Agriculture Departments in Kalay District will provide support to farmers who grew monsoon sesame, encouraging them to expand sesame cultivation. Guidance will be given on cultivation techniques, GAP (Good Agricultural Practices), the use of quality and pure seed varieties, and high-yield strains to improve production.

Crops grown under the GAP system are known to be of higher quality compared to those produced under other cultivation methods. They fetch better prices, and can be marketed not only domestically but also abroad. As a result, farmers practicing GAP are expected to benefit from improved profitability and enhanced socio-economic livelihoods.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကာကွယ်ရေးကုမ္ပဏီများက ဒရုန်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန် မောင်းသူမဲ့စက်ရုပ်စနစ်သစ်ကို ထုတ်ဖော်ပြသ



အမေရိကန်ကာကွယ်ရေးကုမ္ပဏီများဖြစ်သည့် Epirus နှင့် General Dynamics Land Systems (GDLS)တို့သည် ခေတ်မီစစ်မြေပြင်တွင် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် မောင်းသူမဲ့စက်ရုပ်စနစ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း Interesting Engineering သတင်းဌာနက အောက်တိုဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ် သည် Epirus ကုမ္ပဏီ ၏ Leonidas high-power microwave (HPM) မိုက်ခရိုဝေ့ဗ်လက်နက်နှင့် GDLS ကုမ္ပဏီ၏ Tracked Robot 10-ton (TRX) ချိန်းတပ်မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၎င်းစနစ်သည် တိကျမှုရှိပြီး ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် မောင်းသူမဲ့လေယာဉ်အုပ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အလိုအလျောက် ရွေ့လျား လုပ်ဆောင်နိုင်မည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ခုဖြစ်လာခဲ့သည်။ အလေးချိန် ၁၀ တန်ခန့်ရှိTRX ချိန်းတပ်မောင်းသူမဲ့မြေပြင်သွားယာဉ်သည် လျှပ်စစ်လောင်စာဆီ ပေါင်းစပ်စနစ်ဖြစ်သည်။ တစ်ခါအားသွင်း၊ ဆီဖြည့်ထားရုံဖြင့် မိုင် ၃၀၀ ကျော် ခရီးသွားနိုင်စွမ်းရှိသည်။ ထူးခြားချက်မှာ ဉာဏ်ရည်တုဖြင့် အဆင့်မြှင့်တင်ထားသော ချိန်းတပ်ယာဉ်ဖြစ်သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် စက်မှုလုပ်ငန်းတွင်ဦးဆောင်နေသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ ၎င်းတို့သည် Army Transformation Initiative ၏ လိုအပ်ချက်များကို တိုက်ရိုက်ဖြည့်ဆည်းပေးသည့် ကမ္ဘာ့ပထမဆုံးစွမ်းဆောင်ရည်များကို စျေးကွက်သို့ ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း Epirus ကုမ္ပဏီ၏ CEO Andy Lowery က ပြောကြားခဲ့သည်။ Lowery က ဤစနစ်သည် ကာကွယ်ရေးဆန်းသစ်တီထွင်မှု၏ပုံစံသစ်ကို ကိုယ်စားပြုနေသည်ဟုဆိုသည်။ ၎င်းမှာ Prime ဟု သုံးနှုန်းထားသော သမားရိုးကျကာကွယ်ရေးကန်ထရိုက်တာများနှင့် Neo-primes ဟုခေါ်သော နည်းပညာကုမ္ပဏီများ ပေါင်းစည်း လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်သည်။ Neo-primes များနှင့် Primes များ ပေါင်းစည်းခြင်းသည် စစ်မြေပြင် လျင်မြန်စွာ ပြောင်းလဲနေချိန်တွင် အမေရိကန်ကာကွယ်ရေးစက်မှုလုပ်ငန်းစုများအနေဖြင့် အကောင်းဆုံးအောင်ပွဲခံနိုင်ရန် အာမခံနိုင်မည့်နည်းလမ်းဖြစ်သည်ဟု Andy Lowery က မှတ်ချက်ပြုခဲ့သည်။

မောင်းသူမဲ့စက်ရုပ် စနစ်သစ်၏ အဓိကအချက်မှာ Leonidas HPM စနစ်ဖြစ်ပြီး ၎င်းသည် အီလက်ထရွန်နစ်စနစ်များကို အလုပ်မလုပ်နိုင် အောင် သို့မဟုတ် ဖျက်ဆီးပစ်နိုင်သည့် လက်နက်အသွင်ဆောင် လျှပ်စစ်သံလိုက်လှိုင်းနှောင့်ယှက်မှုကို အသုံးပြုထားသည်။ ဤစနစ်သည် ဒရုန်းအုပ်စုတစ်ခုအတွင်းရှိ ဒရုန်းအများအပြားကို တစ်ပြိုင်နက်တည်း နှောင့်ယှက်နိုင်စွမ်းရှိသည်။ ၎င်းစွမ်းရည်ကို Epirus ကုမ္ပဏီက စနစ်တစ်ခုတည်းဖြင့်ပစ်မှတ်အများအပြားကို တိုက်ခိုက်နိုင်စွမ်းဟု သုံးနှုန်းထားသည်။

Leonidas သည် သမားရိုးကျလေကြောင်းရန်ကာကွယ်ရေးလက်နက်များကဲ့သို့ တားဆီးပစ်ချနိုင်သည့်ဒုံးကျည်များ သို့မဟုတ် သေနတ်ပစ်ခတ်မှုများကို အားမကိုးဘဲ၊ စွမ်းအားမြင့် မိုက်ခရိုဝေ့ဗ်စွမ်းအင်လှိုင်းများကို အသုံးပြုထားခြင်းဖြစ်သည်။ ဤစွမ်းအင်လှိုင်းများသည် ရန်သူ့ဒရုန်းများ သို့မဟုတ် တိကျပဲ့ထိန်းခဲယမ်းများ၏ အီလက်ထရွန်နစ်စနစ်များကို ချက်ချင်းပျက်စီးစေခြင်းတို့ ပြုလုပ်နိုင်သည်။ ဤဆော့ဖ်ဝဲလ်လိုက်လျောညီထွေမှုကြောင့် ဘေးကင်းဇုန်များကို သတ်မှတ်ခြင်း၊ မဟာမိတ်နှင့် မိမိယာဉ်များ နှောင့်ယှက်မှုမဖြစ်စေရန် ကြိုမ်နှုန်းများကို ချန်လှပ်ထားခြင်း၊ စနစ်အားစစ်မြေပြင်မှ ပြန်လည်ရုတ်သိမ်းရန်မလိုဘဲ စွမ်းဆောင်ရည်များကို အဝေးမှအဆင့်မြှင့်တင်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**US: World’s first high-pulse microwave robot to fry drone swarms in seconds unveiled ကို ဘာသာပြန်ဆိုထားပါသည်။**

## Thales Belgium ကုမ္ပဏီက FZ123 ထိပ်ဖူးလေကွဲကျည်တပ်ဆင်ထားသည့် အသေးစားဒုံးကျည်များကို ယူကရိန်းသို့ပို့ဆောင်ခဲ့



ဘယ်လ်ဂျီယမ်အခြေစိုက် Thales Belgium ကုမ္ပဏီသည် Shahed တိုက်ခိုက်ရေးဒရုန်းများနှင့် အလားတူခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် လေထဲတွင် ဖောက်ခွဲနိုင်သော FZ123 ထိပ်ဖူး (air-burst FZ123 warhead) လေကွဲကျည်တပ်ဆင်ထားသည့် တန်ဖိုးနည်း မီလီမီတာ ၇၀ အသေးစားဒုံးကျည်များကို ယူကရိန်းနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒုံးကျည်အရေအတွက် မည်မျှပံ့ပိုးပေးခဲ့သည်ကိုမူ ဖော်ပြခဲ့ခြင်းမရှိကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

FZ123 ထိပ်ဖူးတွင် နှစ်ပေါင်ခန့် အလေးချိန်ရှိသော အားပြင်းပေါက်ကွဲပစ္စည်းဖြင့် ဖြန့်ကြက်ခွဲထုတ်တိုက်ခိုက်နိုင်သည့် သံမဏိယမ်းစေ့ငယ် ထောင်ပေါင်းများစွာပါဝင်ဖွဲ့စည်းထားသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်အခါ ၎င်းသည် အချင်း ၈၀ ပေ ခန့်ကျယ်ဝန်းသော အစအနများဖြင့် ဖွဲ့စည်းထားသည့် တိမ်တိုက်တစ်ခုကို ဖန်တီးပေးနိုင်သည်။ ထိုတိမ်တိုက်သည် နေတိုးစံနှုန်း အမျိုးအစား ၂ (NATO Class II) နှင့် အမျိုးအစား ၃ (Class III) ဒရုန်းများအပြင် အုပ်စုလိုက်ဝင်ရောက်လာနိုင်သောဒရုန်းများကိုပင် တိုက်ခိုက်ဖျက်ဆီးရန် သို့မဟုတ် ပြင်းထန်စွာ ပျက်စီးစေရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

ယူကရိန်းမှာယူထားသော ဒုံးကျည်အရေအတွက်သည် လက်ရှိထုတ်လုပ်မှုစွမ်းရည်ကို ကျော်လွန်နေပြီဖြစ်ကြောင်း ကုမ္ပဏီ၏မော်တော်ယာဉ်နှင့် နည်းဗျူဟာမြောက်စနစ်များ ဌာနဆိုင်ရာ ဒါရိုက်တာ Thomas Colinet က Business Insider သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ FZ123 ထိပ်ဖူးတပ်ဒုံးကျည်ငယ်များ၏ ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်ကုန်တွင် အစင်းရေ ၃၅၀၀ သို့ရောက်ရှိရန် မျှော်မှန်းထားပြီး၊ လာမည့် ၂၀၂၆ ခုနှစ်တွင် နှစ်စဉ် ထုတ်လုပ်နိုင်သည့်စွမ်းရည်ကို ဒုံးကျည်အစင်းရေ ၁၀၀၀၀ ထိ ထုတ်လုပ်နိုင်ရန် ပစ်မှတ်ထားဆောင်ရွက်နေခြင်းဖြစ်သည်။

လေဆာဖြင့် လမ်းညွှန်ထိန်းကျောင်းပစ်ခတ်နိုင်သော မီလီမီတာ ၇၀ ဒုံးကျည်ငယ်များကို ပလက်ဖောင်းမျိုးစုံမှ ပစ်လွှတ်နိုင်ပြီး၊ ၎င်းတို့တွင် L3Harris ကုမ္ပဏီထုတ် VAMPIRE ထရပ်ကားပေါ်တင် ဒုံးပစ်လွှတ်စင်များနှင့် ပြုပြင်မွမ်းမံထားသော Mi-8 ရဟတ်ယာဉ်များ ပါဝင်သည်။ ဤမျိုးကွဲ Laser-Guided Variant အတွက် ဒုံးကျည်သည် ပစ်မှတ်နှင့် မထိမချင်း လေဆာဖြင့် အဆက်မပြတ် ထိုးပေးခြင်း လိုအပ်မည်ဖြစ်သည်။ လေဆာအချက်ပြမှု ပြတ်တောက်သွားပါက ဒုံးကျည်သည် နောက်ဆုံးသိရှိခဲ့သော ပစ်မှတ်ဆီသို့ ငါးစက္ကန့်ကြာ ဆက်လက်ပျံသန်းပြီးနောက် ပဲ့ထိန်းပျံသန်းမှု (ballistic flight)သို့ ပြောင်းလဲသွားမည်ဟု Thales ကုမ္ပဏီ၊ ယာဉ်နှင့် နည်းဗျူဟာမြောက်စနစ်များ မဟာဗျူဟာနှင့် စျေးကွက်ရှာဖွေရေး အကြီးအကဲ Olivier Heuschen က ပြောကြားခဲ့သည်။

ပဲ့ထိန်းမဲ့မီလီမီတာ ၇၀ ဒုံးကျည်ငယ်ကိုလည်း FZ123 လေထဲဖောက်ခွဲနိုင်သော ထိပ်ဖူးတပ်ဆင်နိုင်သည်။ Thales Belgium ကုမ္ပဏီသည် ပဲ့ထိန်းမဲ့ မီလီမီတာ ၇၀ ဒုံးကျည်ငယ်များကို နှစ်စဉ် အစင်းရေ ၃၀၀၀၀ ခန့် ထုတ်လုပ်နေပြီး၊ ဝယ်လိုအားမြင့်မားလာပါက အပိုဆိုင်းများဖြင့် ထုတ်လုပ်မှုကို အစင်းရေ ၆၀၀၀၀ ထိ နှစ်ဆတိုးနိုင်ကြောင်း သိရသည်။ ကုမ္ပဏီသည် FZ123 ထိပ်ဖူးတပ် ဒုံးကျည်ငယ်၏စျေးနှုန်းကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။ ဤခဲယမ်းများသည် ယူကရိန်း၏ ဒေါ်လာ ၅၀၀ မှ ၅၀၀၀ ကြားကုန်ကျသည့် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးစနစ်အချို့ထက် ပိုမိုစျေးကြီးသည်ဟု ဆိုသော်လည်း၊ သမားရိုးကျဒုံးကျည်များ (conventional missiles)ထက်မူ စျေးနှုန်းများစွာသက်သာပြီး ပိုမိုမြန်ဆန်စွာ ထုတ်လုပ်နိုင်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

**Thales Belgium Supplies Low-Cost Anti-Drone Airburst Rockets to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၃ ဧကကို လာမည့် နိုဝင်ဘာလပထမပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း အဆိုပါ ဆီထွက်သီးနှံမြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးဒေသခံ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်း အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၅၇၂၃ ဧကစိုက်ပျိုးသွားဖို့ရှိပါတယ်။ ဝါးခယ်မမြို့နယ်က ဒေသခံတောင်သူတွေက ဆောင်းသီးနှံမြေပဲကို စိုက်ပျိုးဖို့ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့ မြေပဲတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုက မြေအမျိုးအစားပေါ်မူတည်ပြီး အထွက်နှုန်းတွေ မတူညီကွာခြားတဲ့ အခြေအနေတွေရှိပါတယ်။ ဒါ့ကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို ပိုမိုထွက်ရှိအောင်လုပ်ဖို့ တစ်မြို့နယ်လုံးအနေနဲ့ အထွက်တိုးအောင် ခရိုင်နဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**




# စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**စလင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်၍ မကျီးပင်ပုကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ သတ်မှတ်ရက်အတွင်း အတိုးငွေ ပေးသွင်းရန်နောက်ကျပါက ပေးဆောင်ရမည့်ဒဏ်ကြေးများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းပုတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှု၊ လက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၈၉၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၈၉၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဝါဧက ၂၁၄၀၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ၊ တောင်သူများလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးဆောင်ရွက် ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရေး ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် ၃ သိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လူးကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂ ဒသမ ၀၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၆၃ ဒသမ ၇ သန်းကို ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး




**နေပြည်တော် အောက်တိုဘာ ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားသည့် တောင်ပေါ်အပန်းဖြေခရီးစဉ်နေရာတစ်ခုဖြစ်သည့်အပြင် အေးမြသောရာသီဥတုနှင့်အတူ ပွင့်လန်းနေသည့် ပန်းမန်များ၊ သာယာလှပသည့် တောတောင် ရေမြေသဘာဝအလှအပများ၊ တန်ခိုးကြီးသမိုင်းဝင်စေတီများ၊ ဒေသအစားအစာအမှတ်တရလက်ဆောင်ပစ္စည်းများသည် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ခရီးသွားဆွဲဆောင်မှုများဖြစ်ပါကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism)၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း (Cultural Tourism)၊ ဘာသာရေးခရီးသွားလုပ်ငန်း (Religious Tourism)၊ အနုပညာနှင့်ခရီးသွားလုပ်ငန်း (Art and Education)၊ အပန်းဖြေခရီးသွားလုပ်ငန်း(Leisure Tourism)၊ အားကစားခရီးသွားလုပ်ငန်း(Sport Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း(Adventure Tourism)၊ ကျန်းမာရေးနှင့် အနားယူခရီးသွားလုပ်ငန်း (Health and Wellness Tourism)၊ သမိုင်းအမွေအနှစ်ခရီးသွားလုပ်ငန်း (Heritage Tourism)၊ လယ်ယာနှင့် တောင်သူဦးကြီးအခြေပြုခရီးသွားလုပ်ငန်း (Agro Tourism) များဆောင်ရွက်နိုင်သည့် ဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများကို မိမိတို့ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချရန်လိုအပ်ပါကြောင်းဖြင့်မှာကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ Hotel Aki-momi နှင့် ရွှေနန်းထိုက်ဟိုတယ်တို့ကို သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အားကစားကွင်း၊ အားကစားရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများနှင့် ပြည်သူများကို သွားရောက်တွေ့ဆုံပြီး လတ်တလော နေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ Call Center ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီး Call Center သို့ ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များစုံစမ်းမေးမြန်းရာတွင်ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာပြန်လည်ဖြေကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်များအား မကွေးတိုင်းဒေသကြီး Call Center ဌာနတွင် စနစ်တကျပြုစု မှတ်တမ်းထိန်းသိမ်းရန်လိုကြောင်း၊ နေ့စဉ်လုပ်ငန်းမှတ်တမ်း၊ တယ်လီဖုန်း အဝင်၊အထွက် မှတ်တမ်းများထားရှိရန်၊ တယ်လီဖုန်းလိုင်းပြတ်တောက်မှုမရှိစေရေး သက်ဆိုင်ရာဌာနသို့ အသိပေးထားရန်လိုကြောင်းနှင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အခြားသိရှိလိုသည်များရှိပါက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ဖြေကြားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လုံခြုံရေးဆောင်ရွက်ပေးမည့်အစီအစဉ်၊ တိုင်းဒေသကြီးအတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း Call Center ဖွင့်လှစ်ထားရှိမှု၊ မကွေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မကွေးတိုင်းဒေသကြီး Call Center တွင် လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မောင်ညီညာ**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇုန် နှစ်ဇုန်ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ မကွေးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက် ဂိုးမရှိ သရေရလဒ်ဖြင့် လည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန် လေးဇုန်ခွဲ၍ အောက်တိုဘာ ၁၈ ရက်ထိ ကျင်းပခြင်းဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊တတိယလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှ စတင်ကာ ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှုစစ်ဆေး



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါပြီး မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်ဆက်စပ်ပစ္စည်းများ မန္တလေးမြို့ သို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မြန်မာ အီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ လုံခြုံစိတ်ချပြီးပျက်စီးမှု များမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်း စေရေး၊ အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်း သွားရေးတို့ကို အလေးထားဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး စက် ပစ္စည်းများ နေရာချစီစဉ်ဆောင်ရွက်နေမှု များ လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ် တွင်ကျင်းပသည့် အဆင့်မြင့်အလွတ်တန်း ဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မန်းအောင်ဆွေလင်းအသင်း နှင့် မျိုးဆက်သစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မန်းအောင်ဆွေလင်းအသင်းက သုံးပွဲ တစ်ပွဲ ဖြင့် အနိုင်ရပြီး ပထမဆုဆွတ်ခူးခဲ့သည်။

ဆက်လက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စပေးဘောဆု၊ ဆယ်မ ဆု၊ ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ အကောင်းဆုံးကစားသမားဆု ရရှိသူ များကို ဂုဏ်ပြုဆုငွေများနှင့် တတိယ ဆုရရှိသည့်အသင်းအား ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုရရှိသည့်အသင်းအား ငွေကျပ် သိန်း ၅၀ တို့ကိုလည်းကောင်း၊ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မန်းအောင်ဆွေလင်းအသင်းအား ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# လှိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကို ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေးပြီး ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့် အခြေခံစားကုန်များပေးအပ်



**လှိုင်ကော် အောက်တိုဘာ ၁၂**

ကယားပြည်နယ် လှိုင်ကော်တက္ကသိုလ်ကို အောက်တိုဘာ ၁၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တာဝန်ထမ်းဆောင်ကြမည့် သင်ကြားရေး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားတွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့် အခြေခံစားကုန်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်တက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ လှိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ လှိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် ဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေသခံ ကျောင်းသား၊ ကျောင်းသူများကို စိတ်အေးချမ်းသာစွာ မိမိဒေသတွင် တက္ကသိုလ်ပညာ ပြန်လည်သင်ကြားနိုင်ရေး၊ ပညာရေးနောက်ကျကျန်ရစ်မှုမရှိစေရေး လှိုင်ကော်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ဇွန် ၅ ရက်မှ စ၍ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ လှိုင်ကော်တက္ကသိုလ်တွင် သင်ကြားနိုင်ရန် အသင့်အနေအထားရှိပြီဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းသောင်က တက္ကသိုလ်ဖွင့်လှစ်မည့် အခြေအနေများ၊ ဝန်ထမ်းများ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်မှု၊ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ တက္ကသိုလ်ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ၊ ကျောင်းသုံးပရိဘောဂနှင့် အသုံးအဆောင်များ ဖြည့်တင်းထားရှိမှု၊ တက္ကသိုလ်ဓမ္မာရုံနှင့် အားကစားကွင်း ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အတွက် ငွေပဒေသာပင်နှင့် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ဒုတိယပါမောက္ခချုပ်ကလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်စသည့် အခြေခံစားသောက်ကုန်များကိုပေးအပ်ရာ ဝန်ထမ်းကိုယ်စားလှယ်များကလည်းကောင်း လက်ခံရယူကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော်တက္ကသိုလ် ပင်မဆောင်ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ် စာကြည့်တိုက်တွင် ကျောင်းသား၊ကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်းစာဖတ်ခန်း၊ စာဖတ်ခန်းနှင့် စာအုပ်ခင်းကျင်းထားသိုမှု၊ တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခ၊ ကထိက၊ နည်းပြများ၏အိပ်ဆောင်များ၌နေရာချထားမှုများ၊ တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် စားရိပ်သာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများ၊ Theatreများ၊ ပရိဘောဂများ၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ ပညာသင်နှစ် လှိုင်ကော်တက္ကသိုလ် အဝေးသင်သင်တန်း ဒုတိယသုတ်နှင့် တတိယသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ပြီး ဒုတိယသုတ်ကို အောက်တိုဘာ ၁၃ ရက် မှ ၂၂ ရက်ထိလည်းကောင်း၊ တတိယသုတ်ကို နိုဝင်ဘာ ၁ ရက် မှ ၁၁ ရက်ထိလည်းကောင်း အနီးကပ်သင်တန်း ပို့ချဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ရှေ့ဖုံးမှအဆက်**

ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၂ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ သုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု



ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး၊ တေးဆို Mr.Vladimir Sukolin-sky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ဦးစွာ အမျိုးသားပြတိုက်၌ မင်းခမ်းတော်ပစ္စည်းပြခန်းများ အပါအဝင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးနှင့် ခြောက်ထပ်ကြီးဘုရားတို့သို့လည်းကောင်း သွားရောက်ဖူးမြော်လေ့လာကြပြီး ဘုရားဖူးပြည်သူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့အတူ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် – ၃)သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့ညပိုင်းက အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မှုများဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ကာလအထိမ်းအမှတ် မီးရောင်စုံအလှ ထွန်းညှိထားမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အတူ အောက်တိုဘာ ၅ ရက် ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နေပြည်တော်တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

**( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂-၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် Myanmar Blue Sky Rescue Development Council တို့က လျော်ကြေးသင့်ပြည်သူများအတွက် ဆိုလာမီးအိမ်များနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)နှင့် Myanmar Blue Sky Rescue Development Council တို့ ဦးဆောင်၍ လျော်ကြေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသော ဆိုလာမီးအိမ်အလုံး ၃၀၀ နှင့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၅၀၁၀၀ တန်ဖိုးရှိ ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လျော်ကြေးသင့်ဝန်ထမ်း အိမ်ထောင်စု ၅၀၀ နှင့် အောင်မြေသာစံမြို့နယ် လျော်ကြေးသင့် အိမ်ထောင်စု ၁၅၀၀ တို့အတွက် အလှူပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိ ကြင်းတောယန် ဗုဒ္ဓဘာသာကျောင်းတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး) တို့မှ ဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ Myanmar Blue Sky Rescue Development Council မှတာဝန်ရှိသူများ၊ လျော်ကြေးသင့် ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ ကပ်ရောဂါဆိုင်ရာ ကာကွယ်ကုသရေးများတွင် လူမှုကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နှစ်နိုင်ငံအကြား အပြန်အလှန် ထိရောက်စွာပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုတွင် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုတည်တံ့ခိုင်မြဲစေပြီး စိတ်ခွန်အားများရရှိခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းခွဲ (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းတို့က နှစ်နိုင်ငံချစ်ကြည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် အသင်းမှ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ငလျင်ကာလနှင့်ငလျင် အလွန်ကာလများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် ပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လှူဒါန်းပစ္စည်းများ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လျော်ကြေးသင့်ဝန်ထမ်း အိမ်ထောင်စု ၅၀၀ အတွက် လှူဒါန်းပစ္စည်းများကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး) တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့မှ လျော်ကြေးသင့်ပြည်သူများထံ လှူဒါန်းပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မဲစာရင်းပြုစုရာတွင် အခြေခံရမည့် အသက် ၁၈ နှစ်နှင့်အထက် အတည်ပြု လူဦးရေစာရင်း ထပ်မံပေးပို့ရာတွင် ပြည့်စုံမှန်ကန်ရေး၊ နောက်ဆုံးအကြိမ် ထုတ်ပြန်မည့် မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲပေးခွင့် ရှိသူတိုင်းမဲပေးနိုင်ရေး၊ မဲပေးခွင့် မရှိသူများ မဲစာရင်းတွင် ပါဝင်ခြင်းမရှိစေရေးအတွက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်က အထူးအလေးအနက်ထား ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူပြီးစီးမှု၊ ပန်းခင်းစီမံချက် အဆင့် (၃) ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းနှင့် မဲစာရင်းကြေညာခြင်း၊ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာ၌ မဲစာရင်းလာရောက်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းဆောင်ရွက်မှု၊ မြေပြင်ကွင်းဆင်း ကော်မတီစာရင်းနှင့် ပထမအကြိမ်မဲစာရင်း နှိုင်းယှဉ်ချက်တို့ကို တင်ပြကြသည်။

ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်များအလိုက် ယခင်အပတ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းကပ်ထားကြေညာဆောင်ရွက်မှု၊ မဲစာရင်းကြေညာကပ်ထားမှုအပေါ် တောင်းဆို၊ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများ ဆောင်ရွက်ထားရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မဲစာရင်းပါရှိရေးနှင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့ပြင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ဘားအံဇုန် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယမန်နေ့ညနေ ၃ နာရီက အုပ်စုအဖွင့်ပွဲစဉ်အနေဖြင့် နေပြည်တော် ကောင်စီအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံး အားကစားဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများက တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယာယီနေရပ်စွန့်ခွာစခန်းနေ မိသားစုများအတွက် ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့



**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ယာယီနေရပ်စွန့်ခွာ မိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းများမှ အိမ်ထောင်စုများနှင့် နောင်နန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ရွှေစက်ရပ်ကွက်အတွင်းရှိ မြစ်ကြီးနားဇုန်နယ် လီဆူနှစ်ခြင်းအသင်းတော်များအဖွဲ့ ယာယီနေရပ်စွန့်ခွာစခန်းသို့သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အဆိုပါစခန်း၌ COC ဘုရားကျောင်း၊ နာဇရပ်အသင်းတော် ကျမ်းစာကျောင်း၊ ခိုလှုံရာလူငယ်ပြုစုရေး သင်တန်းကျောင်း၊ ဦးမိုတီရမ်းခြံဝင်းနှင့် ခရစ်တော်၏ အသင်းတော်စခန်းတို့တွင် ဝိုင်းမော်မြို့နယ်အတွင်းမှ ယာယီလာရောက် ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၉၉ စုအတွက် ဆန် ၂၄ ပြည်ပါ ၁၉၉ အိတ်၊ ဆီ ၁၉၉ ပိဿာ၊ ကြက်ဥအလုံး ၃၉၈၀ နှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ အိမ်ထောင်စုများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာအတွင်းရှိ ဂျော်မဆပ်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အိမ်ထောင်စု ၈၁ စုအတွက် ဆန် ၂၄ ပြည်ပါ ၈၁ အိတ်နှင့် ဆီ ၈၁ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကာ စခန်းတာဝန်ရှိသူများနှင့် ကျေးရွာတာဝန်ခံများ၏ အိမ်ထောင်စုများအတွက် ယာယီနေအိမ် ဆောက်လုပ်ပေးနိုင်ရေးနှင့် ကျေးရွာတွင်းလမ်းခင်းပေးနိုင်ရေးနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ကျောင်းသားတစ်ဦးကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဂဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဂဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း စစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေဆိပ် Operator ဖြစ်သည့် Pionner Aerodrome Service -PAS မှ တာဝန်ရှိသူများနှင့်အတူ လေယာဉ်ပြေးလမ်းဝဲယာတစ်လျှောက် မြက်ဖြတ်ထားရှိမှု၊ ကိုင်း၊ ချုံပင်များ ရှင်းလင်းထားရှိမှုနှင့် လေဆိပ်ခရီးသည် Terminal အတွင်း ပြည်တွင်းခရီးသွားများ ဆိုက်ရောက်၊ ထွက်ခွာအသုံးပြုလျက်ရှိသည့် Cheek in Counter များ၊ X-Ray စက်များ၊ Toilet များ၊ ခရီးသည်ထိုင်ခုံများ စနစ်တကျ ရှိ၊ မရှိကို လိုက်လံစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လေယာဉ်ချဉ်းကပ်ဆင်းသက်လာစဉ် လေယာဉ်ပြေးလမ်းဝဲယာတစ်လျှောက် သတ်မှတ်ချက်နှင့်အညီ မြက်ဖြတ်ခြင်း ဆောင်ရွက်ထားရန်၊ ချုံ၊ ကိုင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက် ထားရန်၊ မြက်ဖြတ်စများကို တစ်ပါတည်း ရှင်းလင်းဆောင်ရွက်သွားရန်၊ ပြေးလမ်းအမှတ်အသားများ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရေးဆွဲဆောင်ရွက်ထားရန်၊ နေ့၊ ည အသုံးပြုသည့် လေယာဉ်ကွင်းဖြစ်သည့်အတွက် ပြေးလမ်းမီးများ အစဉ်ကောင်းမွန်နေစေရေး၊ လေယာဉ်ကွင်း အထောက်အကူပြုပစ္စည်းများ ကောင်းမွန်နေစေရေး အထူးဂရုပြု ဆောင်ရွက်သွားရန်နှင့် ခရီးသည် Terminal တွင် အသုံးပြုလျက်ရှိသည့် X-Ray စက်များ အစဉ်ကောင်းမွန်နေစေရေး၊ ခရီးသည်များ အသုံးပြုသည့် Toliet များ သန့်ရှင်းကောင်းမွန်နေစေရေးနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးတို့အတွက် လိုအပ်ချက်ရှိသည်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ပြုပြင်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှု မရှိစေရေးအတွက်-
   - (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
   - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
   - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး




**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်


## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်း မှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

### ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



☆ **ကျောဖုံးမှအဆက်**

မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၂၀၇၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၅၂၀၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၁ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၃၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe M.P.V Micro Bus တစ်စီး၊ Hyundai Porter II တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၆၀၇၈၃၄၃နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV.Htar Wara Lont La ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၀၈၃၄၃ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၃၈၅၁၄၁၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်


လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်





လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်






Plastic Roll



PVC Resin (Polyvinyl Chloride Resin)




## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၅၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

(၁၂ - ၁၀ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

❑ **ဂေါက်သီးရိုက်ပြိုင်ပွဲမှ**

ရှောင်ဖီလီက "ပုံစံကောင်းတွေမရတာကြောင့် ရလဒ်ကောင်းတွေမရခဲ့ဘူး။ ရလဒ်မကောင်းတဲ့အတွက် ယုံကြည်မှုတွေလည်း ပျောက်ဆုံးခဲ့တယ်။ ကျွန်တော့်အနေနဲ့ ခက်ခဲတဲ့ကာလတွေကို ဖြတ်ကျော်ခဲ့ရတယ်။ ၂၀၂၅ ခုနှစ်အတွင်း ဘာအောင်မြင်မှုမှမရတဲ့ အခြေအနေက နေကျော်လွှားနိုင်ခဲ့ပါပြီ။ ကျွန်တော့်ရဲ့ ယုံကြည်မှုတွေကို ပြန်ရယူနိုင်လာပြီလို့ ယူဆပါတယ်။ ခက်ခဲတဲ့အခြေအနေမှာ ကျွန်တော့်ဘေးကနေ အကောင်းဆုံး ကူညီပေးခဲ့ကြတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ကျွန်တော့်ကို စိတ်ခွန်အားပေးပြီးတော့ အကောင်းဆုံး ကူညီပေးခဲ့ကြတဲ့ သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Monthly**

**Trs : AZL**

## အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အဝေးပြေးလမ်းမတွင် ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်ကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေ



**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ပါဂါတိုရီဒေသနှင့် အိုရေးဒေသတို့ကြားရှိ အဝေးပြေးလမ်းမတွင် ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကျောက်တောင်ပြိုကျမှုဖြစ်စဉ်သည် မိုးသည်းထန်စွာရွာသွန်းရာမှ တောင်ကျရေများကြောင့် ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်တောင်ပြိုကျမှုသည် အန္တရာယ်ရှိသည့် အဆင့်ဖြစ်ပြီး အမှတ် ၁၄၅ အဝေးပြေးလမ်းမကြီးကို ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် လမ်းပိတ်ဆို့မှုများကို ရှင်းလင်းပေးရန်လည်း အချိန်ယူရမည် ဖြစ်ကြောင်း၊ ယာယီပိတ်ထားရသည့် လမ်းမကြီးမှာ ကော်လိုရာဒိုပြည်နယ်အတွက်အရေးပါသည့် ဆက်သွယ်သွားလာရေး လမ်းမကြီးဖြစ်၍ ရှင်းလင်းရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ပါဂါတိုရီဒေသနဲ့ အိုရေးဒေသတို့ကြားမှာရှိတဲ့ ကျောက်တောင်ပြိုကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းနေပြီး တောင်ကျရေတွေကြောင့် အခုလို ကျောက်တောင်ပြိုကျမှု ဖြစ်ပေါ်ခဲ့ခြင်းလဲဖြစ်ပါတယ်။ မိုးရွာသွန်းမှု ဖြစ်ပေါ်နေဆဲဖြစ်တဲ့အတွက်ကြောင့် ကျောက်တောင်ပြိုကျမှုဟာ အန္တရာယ်ရှိနေဆဲဖြစ်ပါတယ်"ဟု ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အီသီယိုးပီးယားနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံနှင့် လမ်း၊တံတားများပျက်စီးခဲ့

**အဒစ်အဘာဘာ အောက်တိုဘာ ၁၂**

အီသီယိုးပီးယားနိုင်ငံတွင် အောက်တိုဘာ ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၄နာရီ၁၈မိနစ်တွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံနှင့် လမ်း၊တံတားများ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



အီသီယိုးပီးယားနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အဆိုပါငလျင်သည် အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၁၃ ဒသမ ၇၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၃၉ ဒသမ ၉၁ ဒီဂရီကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံနှင့် လမ်း၊ တံတားများ ပျက်စီးခဲ့ရကြောင်း၊ ထို့ပြင်သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်ပြင်းအားမများသော်လည်း အက်ကွဲသွားသည့်အဆောက်အအုံများရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူ အနည်းငယ်ရှိကြောင်း၊ ငလျင်ကြောင့် ပျက်စီးခဲ့ရသည့်အဆောက်အအုံများကို ရှင်းလင်းပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## နယူးဇီလန်နိုင်ငံတွင် ဇီဝရုပ်ကြွင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် စီမံချက်ဖြင့် ဆောင်ရွက်မည်

**ဝယ်လင်တန် အောက်တိုဘာ ၁၂**

နယူးဇီလန်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်အရ ဇီဝရုပ်ကြွင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်အတွက် စီမံချက်များဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယူးဇီလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇီဝရုပ်ကြွင်းမှ မီသိန်းဓာတ်ငွေ့ကို ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၂၀၁၇ ခုနှစ်ကထုတ်လွှတ်သော ပမာဏထက် ၂၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇီဝရုပ်ကြွင်းမှထုတ်လွှတ်သော မီသိန်းဓာတ်ငွေ့များမှာ မွေးမြူရေးလုပ်ငန်းမှ အဓိကထုတ်လွှတ်သော်လည်း စိုက်ပျိုးရေးကဏ္ဍအနေဖြင့်လည်း မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဇီဝရုပ်ကြွင်းကနေ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်းက အရမ်းကို မြင့်မားပါတယ်။ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းတွေကနေ ထုတ်လွှတ်တဲ့ပမာဏက ပိုများပါတယ်။ စိုက်ပျိုးရေးကဏ္ဍကနေလဲ ထုတ်လွှတ်မှုတွေရှိနေပါတယ်။ အစိုးရအနေနဲ့ သဘာဝပတ်ဝန်းကျင်ကို အလေးထားဆောင်ရွက်နေတဲ့အတွက်ကြောင့် စီမံချက်တွေနဲ့ ဇီဝရုပ်ကြွင်းက မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို စီမံချက်နဲ့ ဆောင်ရွက်သွားမယ်။ ၂၀၅၀ ပြည့်နှစ်ရောက်မှ ၂၀၁၇ ခုနှစ်ကထုတ်လွှတ်တဲ့ မီသိန်းဓာတ်ငွေ့ပမာဏထက် ၂၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားမှာလဲဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍကနေလဲ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး စတင်အကောင်အထည်ဖော်သွားတော့မှာလဲဖြစ်ပါတယ်"ဟု နယူးဇီလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့စည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ပါကစ္စတန်နိုင်ငံတွင် သောက်သုံးရေလုံလောက်မှုရှိစေရေး ယွမ် ငါးဘီလီယံ သဘောတူညီချက်ကို အကောင်အထည်ဖော်မည်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၂**

ပါကစ္စတန်နိုင်ငံတွင် ပြည်သူများ သောက်သုံးရေလုံလောက်မှုရှိစေရေးအတွက် ပါကစ္စတန်အစိုးရက တရုတ်နိုင်ငံမှ သောက်သုံးရေစီမံခန့်ခွဲရေးကုမ္ပဏီနှင့်ယွမ် ငါးဘီလီယံ သဘောတူညီချက် စာချုပ်ချုပ်ဆိုထားမှုကို စတင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပါကစ္စတန်နိုင်ငံမှ Cyclon Tech ကုမ္ပဏီနှင့် တရုတ်နိုင်ငံမှ Shaanxi Water Develop-ment and Construction Group တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်ကို ပြီးခဲ့သော စက်တင်ဘာလက သဘောတူညီချက် စာချုပ်ချုပ်ဆိုထားပြီး အဆိုပါစာချုပ်မှာ ယွမ် ငါးဘီလီယံ တန်ကြေးရှိကြောင်း သိရသည်။

"သောက်သုံးရေးစီမံခန့်ခွဲရေးဆိုင်ရာ သဘောတူညီချက်ဟာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နည်းပညာနဲ့ ပါကစ္စတန်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို ကူးလူးဆက်သွယ်ပေးတဲ့ တံတားဖြစ်ပါတယ်။ သဘောတူညီချက်စာချုပ်ဟာ ယွမ် ငါးဘီလီယံ ထိတန်ကြေးရှိပါတယ်။ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးသွားမှာဖြစ်ပြီးတော့ ဆည်မြောင်းတွေကိုလဲ အဆင့်မြင့်တဲ့ နည်းပညာတွေနဲ့ သေချာစီစဉ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောက်သုံးရေတွေကို စနစ်တကျဖြန့်ဝေပေးနိုင်ရေးက သောက်သုံးရေတွေကို အလဟဿ မဖြစ်စေဖို့အတွက် အရေးပါတဲ့ အခြေခံကဏ္ဍတွေဖြစ်ပါတယ်။ သဘောတူညီချက်ကို စတင်အကောင်အထည်ဖော် သွားတော့မှာဖြစ်ပါတယ်"ဟု ပါကစ္စတန်နိုင်ငံမှ တာဝန်ယူသွားမည့် Cy-clon Tech ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် သေဆုံးသူ ၃၇ ဦးထိမြင့်တက်လာ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် သေဆုံးသူ ၃၇ ဦးထိမြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

မက္ကဆီကိုနိုင်ငံတွင် အောက်တိုဘာ ၁၀ ရက်ကတည်းက မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ ယနေ့ထိ မက္ကဆီကိုအလယ်ပိုင်းရှိ ဟီဒယ်ဂိုးပြည်နယ်တွင် သေဆုံးသူ ၂၂ ဦး၊ ပူဘလာပြည်နယ်တွင် ကိုးဦး၊ ဘာရာခရုပြည်နယ်တွင် ငါးဦးနှင့် ကျူရီတာရိုပြည်နယ်တွင် တစ်ဦးအပြင် ပျောက်ဆုံးနေသူများလည်းရှိကြောင်း အရပ်ဘက်ကာကွယ်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံအာဏာပိုင်များသည် မိုးရွာသွန်းမှုကြောင့် သေဆုံးသူများ၏ မိသားစုများနှင့် ထောင်နှင့်ချီသော ရေဘေးဒုက္ခသည်များအတွက် အကူအညီများ ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများကို မက္ကစီကိုတပ်မတော်နှင့် ရေတပ်က အရေးပေါ်အကူအညီများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှု၊ မြေပြိုမှုများသည် ပစိဖိတ်ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသည့်အပူပိုင်းမုန်တိုင်း Raymond ကြောင့် ပိုမိုပြင်းထန်လာကာ မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းမှုကြောင့် မက္ကဆီကိုနိုင်ငံရှိ ပြည်နယ်အများအပြားတွင် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# အသံတိတ် ပေးဆပ်ကြသူများ

**အမေ့သား(နတ်မောက်)**



(၁)

နေမင်းကို မမြင်ရတော့သော်လည်း အလင်းရောင်ကရှိနေသေး၏။ နွားကျောင်းသား၊ သိုးကျောင်းသားများ ကိုယ်စီပြန်သွားကြသည့်တိုင် စိုးမောင် မပြန်ရသေးပေ။ မကြာသေးမီကမှ အိမ်ကနေထွက်လာကာ ထန်းတောသို့ ရောက်သည်ဆိုရမည်။ အဖေသည် လေကလေးတချွန်ချွန်နှင့် ထန်းပင်များကို တစ်ပင်ပြီးတစ်ပင် တက်၍ကောင်းနေဆဲ။ စိုးမောင်က အဖေ့ခါးမှာ ချိတ်လျက်ပါလာသည့် ထန်းရည်ချိုအပြည့်နှင့်မြူအိုးကလေးများကို ဖြုတ်ကာထန်းလျက်ဖိုဆီ ပို့ရ၏။ နောက်ထပ် အဖေတက်မည့် ထန်းပင်ခြေရင်းတွင် ဆေးကြောထားသည့် မြူအိုးကလေးများကို အလျဉ်မီအောင် ချထားပေးရသည်။ နေ့စဉ်လုပ်ကိုင်နေရသည့် အလုပ်များဖြစ်သောကြောင့် စိုးမောင် ကျွမ်းကျွမ်းကျင်ကျင်ရှိနေပေပြီ။

"လူလေး မောပြီလားကွ"

အဖေမေးမှ စိုးမောင် မောရကောင်းမှန်းသိသည်။ ကျောင်းမှ ပြန်ရောက်ကတည်းက မနားရသေး။ အိမ်အတွက် သောက်ရေ၊ သုံးရေခပ်ရ၏။ အမြင်မတော်လျှင် နွားချေးကျုံးရ၏။ နွားစာရေခပ်ရ၏။ ပြီးမှ လက်နှိပ်ဓာတ်မီးယူကာ အဖေရှိရာ ထန်းတောဆီ ပြေးလာရခြင်းဖြစ်သည်။ စိုးမောင် မြန်မြန်ရောက်လာလေ အဖေသက်သာလေဖြစ်သည်။ မဟုတ်လျှင် အဖေတစ်ယောက်တည်း မြူအိုးဆေးရ၊ ထန်းရည်လှယ်ရ၊ ထန်းပင်တက်ရနှင့်မလွယ်လှ။ ကသီလင်တနိုင်စွာ ထန်းပင်တက်ရတော့ စိတ်ဖြောင့်ဖြောင့်နှင့် မတက်နိုင်။ တစ်စုံတစ်ခု ချွတ်ယွင်းကာ ထန်းပင်ပေါ်မှ ပြုတ်ကျသွားလျှင်အခက်။

"မမောပါဘူး အဖေရာ၊ ဒီလောက်က အေးဆေးပါ"

အဖေက ပြုံးပြ၍ ထန်းပင်မှာ ထောင်ထားသည့် လှေကားကို လက်နှစ်ဖက်ဖြင့် ဟန်ချက်ညီအောင် ကိုင်လိုက်ပြီး ပေါ့ပါးစွာ မ၍ နောက်တစ်ပင်တွင် ထောင်လိုက်၏။ အဖေ့လက်မောင်းသားများသည် တစ်နေ့တခြား ပို၍တောင့်တင်းလာသည် ထင်ရ၏။ ချွေးများက အဆက်မပြတ်စီးကျနေသည်။ ထန်းပင်တက်သည်ကလည်း တစ်နေ့တခြား ပို၍သွက်လက်လာ၏။ အလေ့အကျင့်များတော့ ကျွမ်းကျင်လာသည် ထင်ပါ၏။

"ကဲ... ဒီတစ်ပင်ဆို ပြီးပါပြီကွာ"

နေရောင်ပျောက်ကွယ်၍ သွားပေပြီ။ ဆက်ရက်ငှက်များက ဆူဆူညံညံ အော်ဟစ် ဆော့ကစားကာ ထန်းပင်များထက်တွင် အိပ်တန်းဝင်ရန် ပြင်နေကြ၏။ ထန်းပင်တစ်ပင်နှင့်တစ်ပင်ကို ခုန်ပျံကူးသန်းနေကြသည့် ရှဉ့်များ၊ ကြွက်များ၏ အသံကိုလည်း အတိုင်းသားကြားနေရသည်။ ညသည် လူသားများမှ လွဲ၍ ကျန်သတ္တဝါများ ကျင်လည်ကျက်စားရာ အချိန်ကာလလေလား မပြောတတ်ပါချေ။

"လူလေး ထင်းနည်းနည်း ထည့်ပါအုံးကွ"

မီးအားကျသွားတော့ အဖေက ထင်းများကို ပို၍တိုးကာ ထည့်ခိုင်း၏။ ထင်းကလေး ထပ်ထည့်ကာ မီးအားကောင်းလာသည်နှင့် ထန်းရည်များ ပွက်ပွက်ဆူလာပြီး အနံ့ကလေးသင်းလာ၏။ ညဉ့်နက်သွားမည်စိုးသောကြောင့် ထန်းလျက်ဖြစ်သည်ထိ စောင့်မနေပါ။ အနည်းငယ် ဆူပွက်ပြီးလျှင် မြူအိုးကလေးများထဲ ခွဲထည့်ပြီး အိမ်သို့ယူသွားမည်ဖြစ်၏။ အိမ်ရောက်မှ အဆင်သင့်စောင့်နေသည့် အမေက ထန်းလျက်အဖြစ် အသွင်ပြောင်းသည်ထိ ဆက်လက်ကျိုမည်ဖြစ်၏။

ထန်းလျက်ဈေးက ကောင်းလှသည်မဟုတ်သည့်တိုင် အိမ်ရှိလူတိုင်းနီးပါးကိုတော့ အလုပ်များစေသည်သာ။ သို့တိုင် မညည်းညူအား။ မူမမှန်သည့် ရာသီဥတုကြား စိုက်ပျိုးရေးကို အားကိုး၍ မရသည့်အခါ ရရာနည်းကို ဆွဲကိုင်ရသည်ပင်။ လယ်ကန်သင်းစပ်တွင် ထန်းပင်ကလေးများ ပေါက်ရောက်ရှင်သန်နေသည်ကိုပင် ကျေးဇူးတင်ရ၏။

ထန်းလျက်နံ့လေးသင်းနေသည့် မြူအိုးကလေးများကို ထမ်းပိုးများတွင် ချိတ်ဆွဲကာ ကိုယ်စီထမ်းလိုက်ပြီး လက်နှိပ်ဓာတ်မီး အလင်းရောင်လေးဖြင့် သားအဖနှစ်ယောက် ပြန်လာခဲ့ကြသည်။

"ဟော့ကောင် ကျော်ကြီး ချလေကွာ။ မင်းကလဲ တစ်လုံးတည်းနဲ့ လာမူးပြနေသေးတယ်။ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ။ သောက်သောက် ဟော့ကောင် ဒါ ကုန်အောင်သောက်၊ မကုန်ရင် ငါနဲ့တွေ့မယ်"

လမ်းဘေးရှိ ဦးလှဆောင်တို့ ထန်းတောဆီမှ အထစ်ထစ်အငေါ့ငေါ့ ပြောထွက်လာသည့် စကားသံများကို လမ်းမပေါ်ရောက်နေသည့် စိုးမောင်တို့ အတိုင်းသားကြားနေရ၏။ ဦးလှဆောင်တို့ထန်းတောက ရွာနှင့်နီးသည်။ ဦးလှဆောင်တို့ ထန်းတောဆိုသော်လည်း ထန်းပင်များကိုတော့ ဦးလှဆောင်ပိုင်သည်မဟုတ်ပါ။ ဦးလှဆောင်က ပိုင်ရှင်ကို အခကြေးငွေပေးပြီး ထန်းတက်နေခြင်းဖြစ်၏။ အချို့ထန်းသမားများက အခကြေးငွေအဖြစ် ထန်းလျက်ကို ပေးသော်လည်း ထန်းလျက်မကျိုသည့် ဦးလှဆောင်ကတော့ ငွေကြေးသာပေး၏။

ဦးလှဆောင်သည် စိုးမောင်တို့ ရွာထဲမှမဟုတ်။ ဘယ်ကနေ ဘယ်လိုရောက်လာသည်ကို ငယ်ရွယ်သေးသည့် စိုးမောင် မသိပါချေ။ အဖေ့ကို မေးကြည့်လေမှ ဦးလှဆောင်သည် ဘဝဝမ်းရေးအတွက် အဆင်သင့်ရာထန်းတောများကို လိုက်လံရှာဖွေ၍ ထန်းတက်နေရသူတစ်ယောက်ဖြစ်ကြောင်း စိုးမောင်သိရ၏။

ဦးလှဆောင်သည် ထန်းတောထဲမှာ တဲကြီးကြီးတစ်လုံးဆောက်ထားပြီး ထိုတဲထဲမှာပင် တစ်မိသားစုလုံးနေကြ၏။ တဲကလေးအတွင်းမှာ ဖယောင်းတိုင်မီးရောင်က မှိတ်တုတ်မှိတ်တုတ်လင်းနေသည်။ တဲကလေးရှေ့ကွပ်ပျစ်ပေါ်မှာတော့ လတ်လတ်ဆတ်ဆတ် ထန်းရည်ခါးများကို လာရောက်အားပေးနေကြသူများဖြင့် စည်ကားလျက်ရှိ၏။ ထိုသူများထံမှ စကားသံမျိုးစုံသည် ထန်းရည်နံ့ကလေးနှင့်အတူ စိုးမောင်တို့ရှိရာ လမ်းကလေးဆီသို့ လွင့်ပျံ့လာလျက်ရှိ၏။

(၂)

အမေကြီးပင် အငြိမ်မနေရရှာ။ ထန်းလျက်များကို ကူ၍ လုံးပေးနေရ၏။ နေပါစေဟု ဆိုသော်လည်းမရ။ မျက်စိရှေ့မှာ အလုပ်ရှုပ်နေကြတာ မြင်တော့ဝင်၍ ကူပေးရှာသည်။ ဓာတုဗေဒဆိုးဆေးများ သုံးထားခြင်းမရှိတော့ ထန်းလျက်များက နဂိုအတိုင်း နီညိုရောင်သန်းနေသည်။ မရောင်းသေးခင် အိုးထဲထည့်ကာ သိုလှောင်ထားပြီး ဈေးကလေးအတက်ကို စောင့်ရ၏။

"အဲဒါကြောင့် ထန်းလျက်မကျိုချင်တာ"

နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် ထန်းပင်များကို မနားမနေတက်ရသော အဖေသည် ခါးကိုဘယ်ညာ ကိုင်းကာ အညောင်းဖြေရင်းပြော၏။ ခါးကြောများက တကျွတ်ကျွတ်နှင့်မြည်၏။ အမေက မျက်စောင်းထိုးတော့ အဖေဆက်မပြောတော့။ တန်းလျားပေါ်မှာ အညောင်းပြေလဲလျောင်းနေ၏။

"အလုပ်ရှုပ်ပေမဲ့ စိတ်မရှုပ်ရပါဘူးတော်"

အဖေက ထန်းလျက်မကျိုဘဲ ထန်းရည်သာ ရောင်းချင်ခဲ့၏။ အလုပ်လည်းမရှုပ်သလို ငွေလည်း ချက်ချင်းပေါ်မည်။ ရွာထဲမှာ လူကြီးလူငယ်မရွေး ထန်းရည်ခါးကြိုက်သူများ၏။ အဖေထန်းတက်မည်ဆိုကတည်းက ကြိုတင်၍ စာရင်းပေးထားကြသူများပင်မနည်းလှ။ စားသုံးသူများက အဆင်သင့်ရှိနေလေတော့ အဖေ့အနေဖြင့် ထန်းရည်ခါးရောင်းချင်တာ အပြစ်တော့မဆိုသာ။ သို့သော် အမေက လက်မခံ။ အချိန်မဟုတ် အခါမဟုတ် အိမ်မှာလာရောက်သောက်စားမူးယစ်နေသည့်အဖြစ်မျိုး မဖြစ်စေလို။ မူးရူးနေသည့်သူကို ပြန်ပါတော့ဟုလည်း မောင်းမထုတ်ရဲ။ မတော်လို့ ရန်ပြန်လုပ်လျှင် သူကြီးအိမ်ရောက်ရမည်။ တစ်ရွာတည်းသားချင်းတွေ အမုန်းပွားရမည်။ သူ့ဘက်ကိုယ့်ဘက်မကောင်း။ အိမ်မှာထိုင်သောက်ခွင့်မပြုဟူသည့် စည်းကမ်းချက်ကို ချမှတ်မည်ဆိုပါလျှင်လည်း "ကြီးကျယ်ရန်ကော"ဟုဆိုကာ မည်သူမျှပင် လာရောက်အားပေးကြလိမ့်မည်မဟုတ်ပေ။

"ထန်းလျက်ကျိုရတာ ပျော်ဖို့တောင် ကောင်းသေးတယ်၊ နော့် အမေ"

စိုးမောင်ဝင်ပြောတော့ အမေက အပြုံးနှင့်ထောက်ခံသည်။ အဖေက ဟောက်သံများပင် ပေး၍ အိပ်ပျော်သွားလေပြီ။ ထန်းပင်ပေါင်း မြောက်မြားစွာကို တစ်နေ့နှစ်ခေါက် မနားမနေ အတက်အဆင်းလုပ်ရတာ ဘယ်လွယ်ပါ့မလဲလေ။

(၃)

ရာသီဥတုက သိသိသာသာ ပြောင်းလဲလာကာ အအေးဓာတ် လွှမ်းကဲလာ၏။ ခိုက်ခိုက်တုန်အောင် ချမ်းသည်မှာ သုံးလေးရက်မျှရှိခဲ့ပြီ။ ရှိသည့်အနွေးထည်ကလေးဝတ်ထားသည်ကိုပင် စိုးမောင် အချမ်းမပြေသေး။ ထန်းလျက်ဖိုနားတိုးကပ်၍ လက်ဖျားများကို မီးကင်ရ၏။ သို့တိုင် အနွေးဓာတ်က ချက်ချင်းမရပြန်။ ဒယ်အိုးထဲမှာ ထန်းရည်များက ပွက်ပွက်ဆူနေပြီ။ ထိုအခါမှ အဖေလှေကားထမ်းကာ အနားရောက်လာ၏။ အနီးရှိထန်းပင်မှာ လှေကားကို ထောင်လိုက်၏။ စိုးမောင် ချမ်းလွန်း၍မီးလှုံနေရသည့်တိုင် အဖေ့ခန္ဓာကိုယ်မှာတော့ ချွေးများပင် စီးကျနေလေသည်။

"ထန်းရည်က ယိုတာ နည်းလာသကွာ"

အဖေက ဒယ်အိုးထဲမှာ ပွက်ပွက်ဆူနေသည့် ထန်းရည်များကို ကြည့်ကာပြော၏။ တစ်နေ့ထက်တစ်နေ့ ထန်းရည်ကလေးများ နည်းပါးလာသည်ကို စိုးမောင်သတိထားမိပါ၏။ မကြာခင် ထန်းရည်တုံးတော့မလားမသိ။

"နည်းတော့ နည်းတယ်၊ ဒါပေမဲ့ ရတော့ ရနေပါသေးတယ် အဖေရဲ့ "

အဖေက ထန်းပင်ကို သည်ထက်များများတက်ချင်၏။ လုပ်မည့်လုပ်တော့ စားရုံ၊ သောက်ရုံမဟုတ်၊ စီးပွားဖြစ်လုပ်ချင်၏။ ထန်းပင်ပေါင်း တစ်ရာကျော်ရှိသည်ကို နှစ်ဆယ်ကျော်သာ တက်ခွင့်ရသည့်အတွက် အဖေအားမရနိုင်။ ယခုလို ထန်းရည်အရ နည်းပါးလာသည့်အခါ အဖေ့ခမျာ တက်ကလေး တခေါက်ခေါက်နှင့်။ သို့တိုင် အမေ့ကို လွန်ဆန်နိုင်ခြင်းမရှိချေ။ ကူမည့်သူမရှိသည့် အဖေ့ကို အမေက ထန်းပင်နှစ်ဆယ်ထက် ပိုတက်ခွင့်မပြုခဲ့။ လူကြားသူကြားစကားများ၍ပင် တားမြစ်ခဲ့၏။ စေတနာစကားဆိုတော့လည်း အဖေ့ခမျာ အန်မတုသာ။ လက်လျှော့ကာ အပင်နှစ်ဆယ်လေးနှင့် တင်းတိမ်ခဲ့ရ၏။

"ကဲ... လူလေး ပြန်ကြစို့ကွာ"

ထန်းပင်များအထက်ဆီမှ ဆက်ရက်ငှက်များ၏ ဆူညံသံသိပ်ထွက်မလာတော့။ အိပ်တန်းဝင်ကြပြီထင်ပါ၏။ ကြွက်များသည် အသံပေးကာ ထန်းရွက်များကြား ကူးသန်းပြေးလွှားနေကြ၏။ အဖေက လေးခွနှင့် ထန်းရွက်များကို ပစ်ကာ ခြောက်လိုက်တော့ စောစောက သူတို့မဟုတ်သည့်နှယ်၊ ဘာသံမှပင်ထွက်မလာသည်ထိ တိတ်ဆိတ်သွားတော့သည်။

"ဟား ဟား ဟား အဲဒါပေါ့ဗျ၊ ကျုပ်ပြောတာ"

ကိုလှဆောင်တို့ ထန်းတောဆီမှ အချိန်မှန်ကြားနေကျစကားသံတို့က လမ်းမပေါ်ရောက်သည်နှင့်ဆီးကြိုနေတော့သည်။ ပြည့်လုလုလမင်းက အစွမ်းကုန် အလင်းဓာတ်ပေးနေလျက်။

ရှေ့နားဆီမှ လေချွန်သံ ထွက်ပေါ်လာသည်။ အပေါ်မော့ကြည့်တော့ ထန်းရွက်ကလေးများ လှုပ်ရှားနေသည်ကိုတွေ့၏။ စိုးမောင်ရင်ထဲအေးခနဲဖြစ်သွား၏။ တရှပ်ရှပ်နှင့် ထန်းလှီးနေသံကြားမှ ကိုလှဆောင် လေချွန်နေမှန်းသိသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ကသာ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗန်းမောက်မြို့နယ်အတွင်း မြေပဲဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။ (၂၀၆)

# တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တံတားဦး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အေးကြည်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၂ ဒသမ ၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၃၃ ဒသမ ၄၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# ဘားအံမြို့နယ် ကော့ကရက်ထော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဘားအံ အောက်တိုဘာ ၁၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရည်ရွယ်၍ ကော့ကရက်ထော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကော့ကရက်ထော်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကော့ကရက်ထော်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ ရေသန့်စင်စနစ် တပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၄၄ ဒသမ ၇၅ သိန်းဖြင့် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ကော့ကရက်ထော် ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနေပြီ ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က ပြောပြ၍ သိရသည်။

ကိုသက်

## အစဉ်ရှောင်ရှား အမုန်းတရား

- တစ်ဦးကိုတစ်ဦး ချစ်ခင်ကြ
မေတ္တာအလှ ပြုံးပန်းဆင်၊
ဒေါသကို စဉ်ပယ်ရှား
စိတ်ထားဖြူစင်၊
အရာရာကို အကောင်းမြင်
ကိုယ်ချင်းစာလျှင် တွေးတောကြ၊
သူ့နေရာ ကိုယ်ဝင်ကြည့်
သိနိုင်ပေစွ။

- အဝိဇ္ဇာ အမှောင်ဖုံးလို့
ကိုယ်လွတ်ရုန်း ရှောင်ကြဉ်သူ၊
အတ္တကို ရှေ့မှာထား
တရားမဲ့လူ၊
မောဟတို့ ဘဝင်မှာဆူ
မီးအပူလို သူ့ဘဝ၊
ဉာဏ်ပညာ ဗဟုနည်းတော့
ဝဲဝယက်လည်ကြ။

- လူဖြစ်လာ ခဏတာမျှ
မွေးမြူကြ ကိုယ်ချင်းစာ၊
အချင်းချင်း ကူညီပေး
နွေးထွေးမေတ္တာ၊
ကျင်လည်ကြ သံသရာ
မဆုံးပါ ရင်မှာတွေး၊
လူ့ဘဝကို အနိုင်ပိုင်း
စိတ်ရိုင်းတို့မမွေး။

- အမုန်းတရား ဘယ်မရှိ
ရင်ထဲသိ မမွေးမြူ
ကိုယ်စိတ်နှစ်ပါး မငြိမ်းချမ်း
နွမ်းလျအပူ၊
သူပေးလည်း ကိုယ်မယူ
ရှောင်ရှားတစ်မှု ဤအမုန်းတရား၊
လူ့လောက ဝန်းကျင်ဟောင်းမှ
မောင်းထုတ်စို့လား။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ

ဦးရွှေဦး

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီအချိန်ကစ၍ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများပေါ်ပေါက်လာခဲ့သည်။ သို့သော် ခေတ်စနစ်အမျိုးမျိုးပြောင်းလဲခဲ့ရခြင်းကြောင့် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ နိုင်ငံရေးပါတီများ ဖျက်သိမ်းခဲ့ရသဖြင့် နိုင်ငံရေးပါတီများမှာ နှစ်ကာလကြာရှည်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကွယ်ပျောက်ခဲ့ရသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး နိုင်ငံရေးပါတီများဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့သည်။ ယနေ့အချိန်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖွဲ့စည်းထူထောင်စည်းရုံး ဆောင်ရွက်နေသည့်ကာလဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တည်ထောင်ထားသည့် နိုင်ငံရေးပါတီများမှာ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးဆောင်ရွက်မည့်ပါတီခြောက်ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့် ပါတီ ၅၁ ပါတီရှိသည်။ ယင်းပါတီများတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလမှ ယနေ့အထိ ဆက်လက်တည်ရှိနေခဲ့သောပါတီ ၃၆ ပါတီနှင့် ပုဒ်မ ၃ အရ အသစ်တည်ထောင်သောပါတီ ၂၁ ပါတီဖြစ်သည်။ နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပါတီ ၂၈ ပါတီ၊ တိုင်းရင်းသားမျိုးနွယ်အလိုက်ဖြစ်ပေါ်လာသောပါတီ ၁၃ ပါတီနှင့် ဒေသအလိုက် ဖွဲ့စည်းထူထောင်ထားသောပါတီ ၁၆ ပါတီဖြစ်ကြောင်းတွေ့ရှိရသည်။

**သမိုင်းအစဉ်အလာ**

မြန်မာနိုင်ငံ၏နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ်ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများစတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ နိုင်ငံရေးအစ(YMBA)ကဟု ဆိုစမှတ်ပြုခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများနှင့် တောခိုလက်နက်ကိုင်သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁ – ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။ ဖဆပလအဖွဲ့ချုပ်ကြီးမှာ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် လိုအပ်သည့်အချိန်တွင် နိုင်ငံသားအားလုံး သွေးစည်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာလူငယ်ခေတ်ပညာတတ်နိုင်ငံရေးသမား သခင်များသည် တကောင်းအဘိရာဇာ တို့ဗမာသီချင်းကြီးကိုသီဆို၍ လာမည့်ဘေး ပြေးတွေ့ဟူသည့်ကြွေးကြော်သံကို ဟစ်ကြွေးကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ဖွဲ့စည်းခဲ့သည်။ တို့ဗမာအစည်းအရုံးကြီးပေါ်ပေါက်လာရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များမဟုတ်၊ တိုင်းပြည်တွင် ကျရောက်နေသော ပကတိအခြေအနေများကို ဝင်ရောက်ဆောင်ရွက်ရန် သမိုင်း၏တောင်းဆိုချက်အရသာ ထင်ရှားမှန်ကန်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝံသာနုဂျီစီဘီအေအဖွဲ့ချုပ်ကြီး (၁၉၁၉ – ၁၉၂၉)အစိတ်စိတ်အမွှာမွှာကွဲပြားပြီး အရေးနိမ့်ခြင်း၊ ဆရာစံတောင်သူလယ်သမားလက်နက်ကိုင်တော်လှန်မှုကြီး(၁၉၃၀–၁၉၃၂) အရေးနိမ့်ခြင်း၊ (၁၉၂၉ – ၁၉၃၀) ကမ္ဘာ့အရင်းရှင်စီးပွားရေးပျက်ပြားမှုကြီးဖြစ်ပွားနေခြင်း၊ နယ်ချဲ့အစိုးရပယောဂဖြင့် ကုလား–မြန်မာ၊ တရုတ် – မြန်မာလူမျိုးရေးအဓိကရုဏ်းဖြစ်လာခြင်း၊ တိုင်းပြည်တွင် နိုင်ငံရေးဇာတ်မျောပြီး နိုင်ငံရေးခေါင်းဆောင်မှုအဟောင်းတို့အပေါ် မျှော်လင့်အားကိုးရာမဲ့နေခြင်း ဤသို့သောကာလမျိုးတွင် သမိုင်း၏တောင်းဆိုချက်အရ "ဗမာ(မြန်မာ)ပြည်သည် တို့ပြည်၊ ဗမာ(မြန်မာ)စာသည် တို့စာ၊ ဗမာ(မြန်မာ)စကားသည် တို့စကား"---- စသော ကြွေးကြော်သံများဖြင့် တို့ဗမာအစည်းအရုံးကြီးသည် ပေါ်ထွက်လာရခြင်းဖြစ်သည်။

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း စစ်ကြီးဖြစ်ခါနီးဆဲဆဲ လွတ်လပ်ရေးတိုက်ပွဲကြီးနီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကိုပင်ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီး ထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ "စံ"တစ်ခု ဖြစ်ခဲ့ပေသည်။ ထို့ပြင် စစ်ကြီးဖြစ်ခါနီး ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ကိုယ့်မင်းကိုယ်ချင်းအဖွဲ့မှ ကမကထပြုနိုးဆော်စည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှအစိုးမိုးခံ ဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍ တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ဥပဒေခြေလှမ်းတစ်ရပ်ဖြစ်ခဲ့ပေသည်။ ၎င်းလှုပ်ရှားမှုနှင့် မရေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ်အမျိုးသားလွတ်လပ်ရေး ခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် "မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး"ကို တည်ထောင်ခဲ့ပေသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီး နေသူရိန်အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသော ဆောင်ရွက်ချက်သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turming Point)ဖြစ်ခဲ့လေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီးဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပြီး ရွေးကောက်ပွဲအလွန်ခိုင်မာအားကောင်းသော လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာလူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်များအတွင်း နိုင်ငံ့အကျိုး၊ မိမိတို့၏တိုင်းရင်းသားလူမျိုးစုများအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန်အချိန်အခါလည်း ကျရောက်နေပြီဖြစ်သည်။

> **မြန်မာလူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အနာဂတ်တွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်များအတွင်း နိုင်ငံ့အကျိုး၊ မိမိတို့၏ တိုင်းရင်းသားလူမျိုးစုများအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန်အချိန်အခါလည်း ကျရောက်နေပြီဖြစ် . . .**

**နိုင်ငံရေးပါတီများနှင့်ရွေးကောက်ပွဲများ**

နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမှာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီ ၄၃ ပါတီဖွဲ့စည်းခဲ့ပြီး ၁၉၅၀– ၁၉၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၂ ပါတီပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ် ၂၂ ရက်တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယအစည်းအဝေးကျင်းပရာတွင် နိုင်ငံရေးပါတီ ၂၄ ပါတီရှိခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီ ၂၃၉ ပါတီအထိ မှတ်ပုံတင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီ ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ကျင်းပသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေမှာ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၃၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၇၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦးဖြစ်ပြီး ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)ဖြင့်သာ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအထိ အနိုင်ရသဖြင့် အစိုးရဖွဲ့စည်းနိုင်ခဲ့သော နိုင်ငံရေးပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ဖြစ်သည်ကိုတွေ့ရှိရသည်။ အစိုးရဖွဲ့စည်းနိုင်သည့် ပါတီသုံးပါတီသာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်သည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့်ပေါင်းစပ်တည်ငြိမ်မှုကောင်းသောအစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံရေးပါတီများသည် မကြာမီကာလတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွင်း မဲဆွယ်စည်းရုံးခြင်းမှ စတင်၍ နိုင်ငံရေးတာဝန်များထမ်းဆောင်ကြရတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုသည်။ မီဒီယာအားကိုအသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီများသည် မိမိပါတီအနိုင်ရရှိရေးအတွက် ပြည်သူလူထုကို နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်းတို့ကို ရှောင်ရှားသင့်သည်။ ပါတီခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်ကိုဦးဆောင်မည့်နေရာများတွင် ပါဝင်ဆောင်ရွက်ကြရန် ရည်မှန်းချက်ထားသူများဖြစ်ကြရာ ပါတီ၏ဂုဏ်သိက္ခာ၊ နိုင်ငံရေးဂုဏ်သိက္ခာများအတွက် နောင်လာနောက်သားများနှင့် နိုင်ငံသားများလေးစားတန်ဖိုးထားသော စံနမူနာပြသနိုင်ရေး ပြုမူနေထိုင်ပြောဆိုကြရန် အကြံပြုတိုက်တွန်းလိုသည်။ တရားမဝင်မီဒီယာများနှင့်ဥပဒေမညီညွတ်သော ပြောဆိုခြင်းများကို ရှောင်ရှားသင့်သည်။ နိုင်ငံရေးပါတီများသည် တရားဥပဒေကို လေးစားလိုက်နာခြင်း(Rule Of Law) နှင့်

စာမျက်နှာ ၂၇ သို့ ➤

# ရွှေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဦး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးခရိုင် ရွှေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၆၄၀ ထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၆၄၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ လက်ရှိရာနှုန်းပြည့်ဧကရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ နည်းပညာပေးတာတွေ ရှိပါတယ်" ဟု ရွှေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရွှေဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့အတွက် အသိပညာပေးခြင်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှရန်ကုန် ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးရံ့တွေကို ရန်ကုန်ဈေးကွက်ထဲ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကိုရန်ကုန်မြို့ကိုပဲ အဓိက တင်ပို့တာပါ"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိပေါက်ဈေးရှိနေကြောင်း ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၆ မှ အဆက်

ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံရေးအရ ရင့်ကျက်တည်ငြိမ်ခြင်းတို့ကို အလေးထားကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံရေးပါတီများသည် အသွင်သဏ္ဍာန်ကောင်းမွန်ရန် အတွက် ဖွဲ့စည်းပုံ၊ ပါတီဝင်အင်အား၊ ပါတီရုံးခန်း အဆောက်အအုံ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သလို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်လည်း သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေပြည့်မီအောင် တင်သွင်းနိုင်ခဲ့ကြပြီး ဖြစ်သည်။ ပါတီ၏မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များ ကောင်းမွန်စွာဖြင့် အနှစ်သာရရှိပြီး ပြည်သူလူထုအားကိုးထောက်ခံယုံကြည်မှုဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ပါတီကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင် နိုင်ကြတော့မည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများ အနေဖြင့်အရည်အချင်းပြည့်ဝ၍ လုပ်နိုင်ကိုင်နိုင်စွမ်းရှိပြီး အတွေ့အကြုံရင့်ကျက်ကာ နိုင်ငံ့ကောင်းကျိုးဆောင်ရွက်နိုင်သည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ မဲပေးကြရန်တိုက်တွန်းလိုသည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး ရွေးကောက်ပွဲလုံခြုံရေး၊ ပါတီဝင်များနှင့် ပါတီရုံးခန်းများလုံခြုံရေး၊ ကိုယ်စားလှယ်လောင်းများလုံခြုံရေး၊ မဲဆန္ဒရှင်များလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးတို့ကို အစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများကို ကြိုဆိုလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**


၁။ သခင်များနှင့်အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀–၁၉၄၈)၊ တက္ကသိုလ်စိန်တင်။

၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ပထမတွဲ၊ ဒုတိယတွဲ)။

၃။ ကမ္ဘာ့နိုင်ငံရေးပါတီစာတမ်းများ (ဦးမြသောင်း)။


# မြဝတီမြို့နယ် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပူလွဲပူကျေးရွာအုပ်စု သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စာရင်းဇယားများ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၅၀ ထုတ်ချေးပေးထားကြောင်း မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# ငဖဲမြို့နယ် မြင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ငဖဲ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်သာကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ငုဝါရွှေ နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့် တပ်ဆင်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် စပ်ဆက်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ငဖဲမြို့နယ် မြင်သာကျေးရွာ၌ အနက် ပေ ၆၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ HP Submersible Pump တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အရှည်ပေ ၁၅၀ ရှိ လျှပ်စစ်မီးကြိုး သွယ်တန်းခြင်း၊ အရှည်ပေ ၂၀၀ ရှိ ရေတင်ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၁၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် စက်တင်ဘာ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၇၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ပြောပြ၍ သိရသည်။

**ဇင်မာ**


ကိုဗစ် –၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် –၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ခရီးသွားဆောင်းပါး

# အချိန်တန်အိမ်အပြန်

သက်နိုင်(ပြင်ဦးလွင်)

နေပြည်တော်-တောင်ငူခရီးစဉ်မှာ နေပြည်တော်ကနေ ပြန်လည်ထွက်ခွာလာပြီး တောင်ငူမြို့ရှိရာကို သွားနေပါပြီ။ ခရီးမိုင်တိုင်အတိအကျဆိုရင် အမြန်လမ်းမကြီးရဲ့ ၁၅၃ မိုင် ကေတုမတီမြို့လမ်းခွဲကို ကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ တောင်ငူလမ်းခွဲက ၁၄၇ မိုင်မှာပါ။ ဒါကြောင့် ၆ မိုင် ဆိုတဲ့ခရီးကို မကြာခင်မှာရောက်လာခဲ့တယ်။ ကိုဗစ် ၁၉ ကာလတွေ တုန်းကတော့ ရန်ကုန်မြို့ကို ခရီးသည်တင်ကားကြီးတွေနဲ့ သွားလာတဲ့အခါမှာ တောင်ငူမြို့လမ်းခွဲရောက်ရင် ရှေ့ကိုဆက်သွားလို့မရကြတော့ဘဲ ညအိပ်ရပ်နားရလေ့ရှိတယ်။ စစချင်းတော့ကားပေါ်မှာ အိပ်ရင်အိပ်၊ မအိပ်ချင်ရင် အောက်မှာလမ်းဆင်းလျှောက်၊ ညောင်းရင်ကားပေါ်ပြန်တက်နဲ့ ခြင်ကိုက်တာတွေကိုလဲ ခံကြရတယ်။ နောက်အခေါက်တွေမှာ ဖျာ၊ ခြင်ထောင်ငှားတဲ့သူတွေ၊ ယပ်တောင်ငှားတဲ့သူတွေကို တွေ့မြင်လာရတယ်။ ဖျာနဲ့ခြင်ထောင်နဲ့ဆိုတော့ တကယ် အိပ်ချင်နေတဲ့ခရီးသည်တွေအတွက် အဆင်ပြေသွားရတယ်။ ငှားရမ်းခဈေးနှုန်းတွေကလဲ သင့်တင့်တာကြောင့် ငှားပျော်တယ်။ အခုအချိန်မှာ တော့ လမ်းမှာညအိပ်စရာမလိုတော့တဲ့အတွက် အငှားလုပ်ငန်းတွေလဲ မရှိကြတော့ပါဘူး။

တောင်ငူလမ်းခွဲကိုရောက်တာနဲ့ ညာဘက်ကို ချိုးကွေ့ပြီး အမြန်လမ်းမကြီးအောက်ကနေ တစ်ဆင့်မြို့တွင်းကိုဆက်လက်သွားရောက်ရမှာပါ။ အမြန်လမ်းမကြီးကနေ တောင်ငူမြို့တွင်းထိ ၉ မိုင်ခရီးရှိတယ်။ ဒါပေမဲ့ ၉ မိုင်ခရီးဆိုတာက ကွန်ကရစ်လမ်းကောင်း၊ လမ်းကျယ်ကြီးလဲဖြစ်၊ တစ်လမ်းလုံးလဲ ရှင်းလင်းနေတာကြောင့် လမ်းဘေးဝဲယာ တစ်လျှောက်မှာရှိနေတဲ့ လယ်ကွင်းစိမ်းစိမ်းတွေကို ကြည့်ရှုငေးမောရင်းနဲ့ မြို့အဝင်ကိုရောက်လာခဲ့တယ်။ တောင်ငူမြို့အဝင်က အရင်လာခဲ့တဲ့အခေါက်တွေနဲ့မတူဘဲ ထူးခြားမှုရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ ရှေးဟောင်းကျုံးတွေ၊ မြို့ရိုးတွေကိုပြန်လည်တူးဖော်နေတာပါ။ တူးဖော်နေတဲ့မြင်ကွင်းတွေကိုလဲ ကားမောင်းရင်းတွေ့မြင်နေရတယ်။ ဒါကြောင့် ကားကိုလမ်းဘေးမှာခဏရပ်လိုက်ပြီး မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူထားလိုက်တယ်။

မြင်တွေ့နေရတဲ့မြင်ကွင်းတွေအရ ကျုံးဟောင်းထဲမှာအရင်ကလို ဗေဒါပင်တွေ၊ မြက်ပင်တွေနဲ့ အခြားအပင်တွေလုံးဝမရှိတော့ဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေတယ်။ အရင်တုန်းက ကျုံးဆိုတာကို မသိနိုင်လောက်အောင် သဘာဝရေပျော်ပင်တွေ ပေါက်ရောက်နေတာပါ။ ဒီ့ပြင် ကျုံးထဲမှာရေတွေ အပြည့်ဖြစ်နေသလို ရေတွေအားလုံးကလဲ ကြည်လင်သန့်ရှင်းနေတယ်။ တောင်ငူမြို့အဝင်ကို အခုမှစတင်ရောက်ရှိတာကြောင့် ကျုံးတူးဖော်ရေးလုပ်ငန်းက မန္တလေးမြို့မှာလို လေးဖက်လေးတန်ဖြစ်မလားဆိုတာကို မသိရှိနိုင်သေးပါဘူး။ ကျောက်ဆည်မြို့အနီးက မြင်းစိုင်းမြို့ဟောင်းရဲ့ကျုံးတွေ၊ မြို့ရိုးတွေကို ပြန်လည်တူးဖော်တဲ့အခါ လေးဖက်လေးတန်မရှိတော့ဘဲ တချို့တစ်ဝက်ကိုသာ တူးဖော်နိုင်တော့တာကို သွားရောက်လေ့လာကြည့်ရှုထားချက်တွေအရ တွေ့မြင်သိရှိထားရတယ်။ အခုတောင်ငူမြို့မှာ မြို့ရိုးဟောင်းကိုတူးဖော်နေတဲ့ မြင်ကွင်းအနေအထားက အုတ်ပုံရိုးကြီးအဖြစ် ထင်ရှားပေါ်လွင်နေပါပြီ။ မြို့ရိုးဟောင်းက မန္တလေးနန်းတွင်းမြို့ရိုးထက် နိမ့်ပြီး ပိုမိုထူထပ်ကြောင်းမြင်တွေ့နေရတယ်။ ဒီ့ပြင် မန္တလေးနန်းမြို့ရိုးလို တစ်ဆက်တစ်စပ်တည်းမရှိဘဲ အပိုင်းပိုင်းတွေပြတ်နေပါတယ်။

ကျုံးတွေ၊ မြို့ရိုးတွေကို ကျော်လွန်လာတာနဲ့ တောင်ငူမြို့တွင်းကိုရောက်လာခဲ့တယ်။ တောင်ငူက မြို့ကြီးတစ်မြို့ပီပီ စည်စည်ကားကားပါ။ လမ်းမကြီးတွေ၊ လမ်းသွယ်လမ်းကြားတွေ၊ လမ်းမြောင်တွေ တိုင်းမှာ ဈေးဆိုင်တန်းတွေ၊ ဈေးဆိုင်တွေ၊ ဈေးသည်တွေ၊ ဈေးဝယ်တွေ၊ သွားလာလှုပ်ရှားနေကြသူတွေ၊ ကားကြီးကားငယ်တွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်နှက်ရှုပ်ထွေးနေတယ်။ ခရီးအစီအစဉ်ဖြစ်တဲ့ သွားမဲ့နေရာ၊ ညအိပ်ရပ်နားရမဲ့နေရာ စတာတွေကိုမေးမြန်းကြည့်တော့ ဌာနဆိုင်ရာရုံးတစ်ရုံးကို သွားကြရမှာဖြစ်ကြောင်း၊ အဲဒီမှာအလုပ်ကိစ္စပြီးရင် နားလို့ရပြီဖြစ်ကြောင်းနဲ့ ကြိုတင်ဆက်သွယ် အကြောင်းကြားထားတဲ့ ဟိုတယ်အမည်ကိုပါ အစ်မဖြစ်သူက ပြောပြတယ်။ အချိန်က ညနေလေးနာရီကျော်ပါပြီ။

သက်ဆိုင်ရာရုံးကိုသွားရောက်ပြီး အစ်မဖြစ်သူက ရုံးထဲကိုဝင်သွားတာနဲ့ မိမိတစ်ယောက်တည်း ကျန်နေရစ်တော့တယ်။ အချိန်ဘယ်လောက်ထိစောင့်ဆိုင်းရမှန်းမသိတာကြောင့် တောင်ငူမြို့တွင်းကို သွားရောက်လေ့လာလည်ပတ်ရမလား၊ အနီး



အနားမှာရှိနိုင်တဲ့ ကုန်တိုက်ကြီးတွေရှိရာကို သွားရောက်အချိန်ဖြုန်းရမလား၊ ဘုရားစေတီတစ်ဆူဆူရှိရာကို သွားရောက်ဖူးမြော်ရမလား၊ လမ်းတစ်လျှောက် တန်းစီမြင်တွေ့ခဲ့ရတဲ့ တိုဟူးသုပ်ဆိုင်လေးတွေမှာ သွားရောက်မြည်းစမ်းစားသောက်ရမလားဆိုတာကို စဉ်းစားနေရတယ်။ နောက်ဆုံးတော့ ဘယ်မှမသွားဘဲ စာရေးနေတာကောင်းပါတယ်ဆိုပြီး ကားပေါ်မှာပဲစာရေးနေလိုက်တော့တယ်။ ကားပေါ်မှာ စာရေးစက္ကူတွေနဲ့တကွ စာရေးကိရိယာတွေ၊ မှတ်စုမှတ်ရာမှတ်တမ်းတွေ အမြဲအဆင်သင့်ရှိနေပါတယ်။ ဒါပေမဲ့ သစ်ပင်ချုံနွယ်တွေအုပ်ဆိုင်းနေတဲ့ ရုံးဝင်းကြီးအတွင်းမှာ ပေါများလွန်းလှတဲ့ခြင်တွေကြောင့် စာကိုကောင်းကောင်းရေးလို့မရ။ ခြင်တွေက မိမိတို့ပြင်ဦးလွင်မှာလို အကောင်ကြီးကြီး သိသိသာသာ ထင်ထင်ရှားရှားတွေမဟုတ်ဘဲ မန္တလေးမြို့ကခြင်တွေလို အကောင်သေးသေးနဲ့ ဘယ်ကနေလာပြီး ဘယ်လိုကိုက်နေမှန်းကို မသိတော့ဘဲ ခြေထောက်တွေလက်တွေနဲ့ တစ်ကိုယ်လုံး ယားနေတော့တာပါ။ ဒါကြောင့်လဲ စာရေးတဲ့အလုပ်ကို လက်လျှော့လိုက်ရတော့တယ်။

စာရေးမရတော့ဘဲ ခြင်ဒုက္ခနဲ့ရင်ဆိုင်ကြုံတွေ့နေရစဉ်အတွင်းမှာ အစ်မဖြစ်သူဆီက ဖုန်းဝင်လာတယ်။ သူ့အနေနဲ့ အလုပ်မပြီးသေးတာကြောင့် နောက်ကျမှာဖြစ်ကြောင်းနဲ့ ဟိုတယ်မှာအခန်းနှစ်ခန်းယူထားကြောင်း၊ ကြိုက်နှစ်သက်ရာအခန်းမှာ သွားရောက်နားလို့ရပြီဖြစ်ကြောင်း၊ ညစာထမင်းကိုလဲ ဟိုတယ်မှာဖြစ်ဖြစ်၊ အပြင်မှာဖြစ်ဖြစ်စားလို့ရကြောင်း၊ နောက်တစ်နေ့မနက်အိပ်ယာထ မနက်စာစား၊ ဈေးဝယ်ပြီးတာနဲ့ ပြင်ဦးလွင်ကို ပြန်ကြမှာဖြစ်ကြောင်းတွေကို ပြောဆိုပြီးဖုန်းချသွားတော့တယ်။ မိမိအတွက် ဘာတာဝန်မှမရှိတော့ဘဲ လွတ်လပ်သွားရပါပြီ။ ဒါကြောင့်လဲ ဟိုတယ်ကိုသွား၊ အခန်းယူ၊ ရေမိုးချိုးပြီးတာနဲ့ ညစာထမင်းစားဖို့ စီစဉ်ရတယ်။ ထမင်းက မိမိတစ်ယောက်တည်း စားသောက်ရမှာပါ။ ဟိုတယ်မှာစုံစမ်းကြည့်တော့ အဆင်မပြေတာကြောင့် အပြင်မှာပဲသွားရောက်စားသောက်ဖို့ ဆုံးဖြတ်လိုက်ရတယ်။ ဒီအစီအစဉ်ဆုံးဖြတ်ချက်က မိမိတစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်မဟုတ်ဘဲ ဟိုတယ်ရဲ့ အကြံပေးချက်တွေလဲပါဝင်နေသလို အပြင်ကဆိုင်တွေမှာ သွားရောက်စားသောက်ဖို့အတွက် လမ်းပြဝန်ထမ်းတစ်ယောက်ကိုပါ ထည့်ပေးလိုက်ပါတယ်။ လမ်းပြဝန်ထမ်းက တောင်ငူမြို့တွင်းကိုကားမောင်းစေပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရောက်တော့ နောက်ထပ်လမ်းချိုး တစ်ခုထဲကို ဝင်ခိုင်းပြန်တယ်။ လမ်းအဆုံးလို့ထင်ရတဲ့နေရာတစ်ခုမှာ ခြံဝင်းအကျယ်ကြီးနဲ့ ရောင်စုံမီးတွေအများအပြားနဲ့ လာရောက်စားသောက်နေကြသူတွေ စည်စည်ကားကားနဲ့ ဆိုင်ကြီးတစ်ဆိုင်ကို တွေ့မြင်လိုက်ရတယ်။ ဒီဆိုင်ကြီးမှာ တရုတ်၊ မြန်မာ၊ ထိုင်း၊ ဥရောပ၊ အိန္ဒိယအစားအစာတွေ စုံစုံလင်လင်ရရှိနိုင်တယ်လို့လဲ သိလိုက်ရတယ်။ ဟိုတယ်ဝန်ထမ်းက ထမင်းမစားဘဲ ငြင်းဆန်နေတာကြောင့် မိမိတစ်ယောက်တည်းအတွက် မြန်မာထမင်းဟင်းတစ်ပွဲကိုသာ မှာယူစားသောက်လိုက်ရတယ်။ ရေသန့်ဘူးတစ်ဘူး၊ အချိုရည်တစ်လုံး အပါအဝင်ငွေ ၈၀၀၀ သာ ရှင်းလိုက်ရတယ်။ စားရသောက်ရတာလဲကောင်းမွန်ပြီး ဟိုတယ်ဈေးနှုန်းတွေနဲ့ အလွန်ကွာခြားနေတယ်။

ညစာထမင်းစားသောက်ပြီးတာနဲ့ ဟိုတယ်ကို ပြန်ခဲ့ပြီး စောစောစီးစီးအိပ်ရာဝင်လိုက်ရတယ်။ လမ်းပြဟိုတယ်ဝန်ထမ်းလေး ပါမလာရင်တော့ တောင်ငူမြို့ရဲ့ ညရှုခင်းတွေကို ကြည့်ရှုလေ့လာရင်း မြို့တွင်းမှာ လည်ပတ်ချိန်ရနေပါတယ်။ ဒါပေမဲ့ ဝန်ထမ်းလေးပါလာတာကြောင့် ဟိုတယ်ကိုအားနာပြီး စောစောပြန်လာခဲ့ရတယ်။ တောင်ငူမြို့ရဲ့ ညမြင်ကွင်းတွေက လှလှပပ စည်စည်ကားကားပါ။ အဓိကမြို့လယ်လမ်းမကြီးဖြစ်တဲ့ ရန်ကုန်-မန္တလေးလမ်းဟောင်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ပြီးစီးသွားတာကြောင့် မြို့ကပိုမိုလှပသပ်ရပ်သွားတယ်။

မနက် ၆ နာရီကျော်လောက်မှာ အိပ်ရာထပြီးတာနဲ့ အစ်မဖြစ်သူက မုန့်ဟင်းခါးစားရအောင်ဆိုပြီး ဖုန်းဆက်ခေါ်တယ်။ တောင်ငူမြို့မှာ မုန့်ဟင်းခါးစားရမယ်ဆိုရင် ဟင်းရည်အကြည်တွေဆိုတာကို ခန့်မှန်းမိလိုက်တယ်။ ခန့်မှန်းထားလိုက်တဲ့အတိုင်း စားသောက်ခန်းထဲရောက်တဲ့အခါ ဟင်းရည်ကြည်တွေနဲ့မုန့်ဟင်းခါးကို တွေ့လိုက်ရတယ်။ မုန့်ဟင်းခါးကို ဟိုတယ်ကစီစဉ်ပေးတာပါ။ ဒေသခံတွေကတော့ နာမည်ကျော်တောင်ငူမုန့်ဟင်းခါးဆိုပြီး စားစေချင်တဲ့စေတနာနဲ့ မှာယူ ညွှန်ဝတ်ပြုကြပေမဲ့ မိမိအနေနဲ့ မစားတတ်တာက ခက်နေပါတယ်။ အဲဒါကြောင့် ဗိုက်မဆာသေးလို့ပါ၊ ကားဆီသွားဖြည့်လိုက်အုံးမယ်ဆိုပြီး ဟိုတယ်နဲ့နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိရာကို ထွက်လာခဲ့ရတယ်။ လက်ဖက်ရည်ဆိုင်ရောက်မှ မိမိကြိုက်နှစ်သက်ရာကို မှာယူစားသောက်ရတော့တယ်။

ဟိုတယ်ကိုပြန်ရောက်ပြီးမကြာခင်မှာ ဈေးရှိရာကို ထွက်လာခဲ့ကြတယ်။ ဈေးဝယ်ပြီးတာနဲ့ ပြင်ဦးလွင်ကို ပြန်ကြတော့မှာပါ။ ဈေးဝယ်တယ်ဆိုတာကလဲ အခြားပစ္စည်းတွေမဟုတ်ဘဲ ဒူးရင်းသီးနဲ့ မင်းကွတ်သီးတွေ ဝယ်ယူကြမှာဖြစ်ပါတယ်။ ဈေးဖွင့်စမနက်စောစောအချိန်မှာပဲ အပြင်ဈေးတန်းမှာဒူးရင်းသီးသည်တွေက ခင်းကျင်းပြင်ဆင်ပြီးနေကြတာကို တွေ့မြင်နေရတယ်။ မင်းကွတ်သီးတွေကတော့ အများအားဖြင့် အကြီး၊ အသေး အပုံလိုက်တွေပါ။

မိမိက တွေ့တဲ့ဒူးရင်းသီးတွေကိုဝယ်ပြီး ပြန်ကြမယ်လို့စဉ်းစားထားခဲ့ပေမဲ့ အစ်မဖြစ်သူက အပြင်ဈေးတန်းမှာရှိနေတဲ့ ဒူးရင်းသီးဆိုင်တွေကို တစ်ဆိုင်ပြီးတစ်ဆိုင် ဖြတ်ကျော်လာခဲ့တယ်။ နောက်ဆုံးဈေးအတွင်းက သစ်သီးပွဲရုံတွေရှိရာကို ရောက်လာခဲ့တယ်။ သစ်သီးပွဲရုံတွေမှာလဲ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ဒညင်းသီးတွေက အများစုပါ။ အချို့ ပွဲရုံတွေမှာ ကျွဲကောသီးတွေကို တွေ့နေရတယ်။ အစ်မက ဒူးရင်းသီးပွဲရုံတွေမှာ ဘယ်ကအသီးလဲ လို့မေးမြန်းနေတာကိုလဲ ကြားသိနေရတယ်။ ဆိုင်တွေကလဲ တောင်ငူက၊ သံတောင်ကြီးက၊ ကျောက်တိုင်က၊ လိပ်သိုက၊ ဘောဂလိကစသဖြင့်ပြန်လည်ဖြေကြားနေကြတယ်။ ဒီအခါအစ်မက ဘောဂလိသီးဆိုတာကို ရွေးချယ်ဝယ်ယူနေတယ်။ တောင်ငူဒေသတစ်ဝိုက်မှာ ဘောဂလိနယ်ကထွက်တဲ့ ဒူးရင်းသီးက အကောင်းဆုံးလို့ဆိုတယ်။ ဒေသခံဆိုင်တွေအားလုံးကလဲ ဟုတ်မှန်ကြောင်းထောက်ခံပြောဆိုတယ်။

ဒူးရင်းသီးဝယ်တဲ့အခါ အပြင်ဈေးတန်းတွေနဲ့ ဈေးအတွင်းထဲကပွဲရုံတွေ ဈေးကွာခြားမှုရှိနေတယ်။ ရောင်းချနေတဲ့ မင်းကွတ်သီးတွေကလဲ တောင်ငူမြို့ဈေးအတွင်းကပွဲရုံတွေမှာ တစ်လုံးကိုသုံးရာကျပ်သာရှိနေတယ်။ ဒါကြောင့်လဲ အိမ်ပြန်လက်ဆောင်အဖြစ် တောင်ငူဒေသထွက်ဒူးရင်းသီးနဲ့ မင်းကွတ်သီးတွေကို အများအပြားဝယ်ယူလာခဲ့ကြတယ်။ ဒီတစ်ခေါက်ခရီးစဉ်မှာ နေပြည်တော်၊ ပျဉ်းမနားက မျှစ်ချဉ်တွေ၊ တောင်ငူကဒူးရင်းသီးနဲ့ မင်းကွတ်သီးတွေက ကားနောက်ခန်းတစ်ခန်းလုံးပြည့်နှက်သွားရတော့တယ်။

တောင်ငူမြို့မှာ ဈေးဝယ်ပြီးတာနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ကြတယ်။ မိမိအနေနဲ့ မြန်မာနိုင်ငံတွင်းသာမက ပြည်ပနိုင်ငံတွေထိ ဘယ်လောက်ပဲသွားသွား၊ ရက်တွေလတွေ ဘယ်လောက်ပဲကြာကြာ အချိန်တန်တဲ့အခါ အိမ်ပြန်ရတာပါ။ အခုလဲ အချိန်တန်လို့အိမ်ပြန်ခဲ့ရပါပြီ။ ဒါပေမဲ့ နောက်တစ်ပတ်မှာတော့ နောက်ထပ်ခရီးစဉ်အသစ်ကို ထပ်မံသွားရောက်လိုက်ပါအုံးမယ်။

# သွေးဆုံးခြင်းဆိုင်ရာ အမျိုးသမီးရောဂါ

**ပေါက်ပေါက်**

အမျိုးသမီးများ အသက်အရွယ်ရလာချိန်တွင် ခန္ဓာကိုယ်ရှိ ဟော်မုန်းများလည်း လျော့နည်းလာသည်။ ထိုအခါ သားဥအိမ်တွင်လည်း သားဥလေးများ ဆက်လက်မထုတ်လုပ်နိုင်တော့ဘဲ သန္ဓေအောင်ခြင်းနှင့် ရာသီသွေးဆင်းခြင်း ဖြစ်စဉ်များ ရပ်တန့်သွားခြင်းကို သွေးဆုံးခြင်းဟု ခေါ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသမီးတစ်ဦးလျှင် ဆယ့်နှစ်လ (တစ်နှစ်) တိတိ ရာသီသွေးလုံးဝမပေါ်တော့ဘဲ ကိုယ်ဝန်လည်းမဆောင်နိုင်တော့လျှင် ၎င်းကို သွေးဆုံးခြင်းဟုခေါ်သည်။

သွေးဆုံးခြင်းသည် အမျိုးသမီးတိုင်း တစ်ချိန်ချိန်တွင် မလွဲမသွေကြုံတွေ့ရမည်ဖြစ်ပြီး ကြိုတင်ကာကွယ်၍လည်းမရ၊ လွှန်ဆန်၍လည်းမရသည့် သဘာဝတရား ကျန်းမာရေးအခြေအနေတစ်ခုဖြစ်သည်။ အများအားဖြင့် အသက် ၄၅ နှစ်မှ ၅၅ နှစ်အတွင်း သွေးဆုံးကြသော်လည်း တချို့က အသက် ၄၅ နှစ်မတိုင်ခင် စောစောသွေးဆုံးကြသကဲ့သို့ တချို့ကလည်း အသက် ၅၅ နှစ်ကျော်မှ သွေးဆုံးကြသည်။ အမျိုးသမီးတစ်ဦး သွေးဆုံးမည့်အချိန်ကာလကို သိလိုပါက သူ၏ မိခင်သွေးဆုံးခဲ့သည့်အချိန်ကို ခန့်မှန်း၍ သိရှိနိုင်သည်။

**သွေးဆုံးခြင်းလက္ခဏာများ**

သွေးဆုံးခြင်းသည် ရောဂါတစ်ခုမဟုတ်သော်လည်း၊ သွေးဆုံးခြင်းလက္ခဏာသည် အလွန်ခံစားရခက်သည်။ အမျိုးသမီးအများစုတွင် နောက်ဆုံးအကြိမ် ရာသီမလာခင် လေးနှစ် သို့မဟုတ် ငါးနှစ်ခန့်အလိုကတည်းက သွေးဆုံးခြင်း လက္ခဏာများ ပြတတ်ပြီး နောက်ဆုံးအကြိမ် ရာသီလာပြီးနောက် လေးနှစ်ခန့် ကြာသည်ထိလည်း သွေးဆုံးခြင်းလက္ခဏာများ ပြတတ်သည်။ သွေးဆုံးခြင်းမတိုင်မီ ပုံမှန်ရာသီလာခြင်းထက် နည်းသွားခြင်း သို့မဟုတ် များလာခြင်း၊ ယခင်ကဲ့သို့ ရာသီပုံမှန်မလာတော့ခြင်း၊ ညဘက်တွင် ချွေးထွက်များခြင်း၊ အသားအရေပူခြင်း၊ မျက်နှာနီခြင်း စသည့်လက္ခဏာများ တွေ့ရနိုင်ပြီး၊ သွေးဆုံးချိန်တွင် အဖြစ်များသောလက္ခဏာများမှာ ညဘက်အိပ်မပျော်ခြင်း၊ မိန်းမကိုယ်ခြောက်သွေ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်မှုများခြင်း၊ သတိမေ့လွယ်ခြင်း၊ အသားအရေ မျက်စိနှင့်နှုတ်ခမ်းတစ်ဝိုက်ရှိ အရေပြားများ ခြောက်သွေ့ခြင်း၊ ဆီးသွားများခြင်း၊ ရင်သားနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရင်တုန်ခြင်း၊ ကြွက်သားများ လျော့ရဲလာခြင်း၊ ရင်သားတွဲကျခြင်း၊ ကာမဆန္ဒအားနည်းခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း သို့မဟုတ် တောင့်တင်းခြင်း၊ ဆံပင်များ ကျွတ်ခြင်း စသည်တို့ဖြစ်သည်။

တချို့အမျိုးသမီးများတွင် သွေးဆုံးခြင်းကို မသိလိုက်ဘဲ ကျော်ဖြတ်သွားကြသော်လည်း တချို့မှာ အထက်ဖော်ပြပါသွေးဆုံးခြင်း လက္ခဏာများအပြင် သွေးဆုံးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ရင်ဆိုင်ခံစားကြရသည်။ အဖြစ်များသော နောက်ဆက်တွဲဆိုးကျိုးများတွင် အရိုးပွခြင်း၊ မျက်စိတိမ်ဖြစ်ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ အမျိုးသားနှင့်အတူနေချိန်တွင် မခံမရပ်နိုင်အောင်နာကျင်ခြင်း၊ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများဖြစ်ခြင်း စသည်တို့ဖြစ်သည်။

**သွေးဆုံးပြီးနောက် ရာသီသွေးပြန်ဆင်းခြင်း**

ပျမ်းမျှ အမျိုးသမီး ၁၀ ဦးလျှင် လေးဦးခန့်က သွေးဆုံးပြီးနောက် သွေးပြန်ဆင်းတတ်ကြသည်။ အဖြစ်များသောအကြောင်းရင်းမှာ အီစရိုဂျင် ဟော်မုန်းနည်းပါးခြင်းကြောင့် မွေးလမ်းကြောင်းနှင့် သားအိမ်နံရံများပါးလာခြင်း၊ ဟော်မုန်းဖြည့်စွက်သောက်သုံးသောအခါ အီစရိုဂျင်များလွန်းခြင်းကြောင့် သားအိမ်နံရံထူလာခြင်း၊ သားအိမ်နှင့် သားအိမ်ခေါင်းတွင် ကင်ဆာမဟုတ်သော အဖုအကြိတ်များဖြစ်ပေါ်ခြင်း၊ ချော်လဲမိခြင်း၊ အကြောင်းတစ်ခုခုကြောင့် တင်ပါးဆုံရိုး ထိခိုက်မိခြင်း၊ လက်ရှိ ပဋိဇီဝဆေးဝါးတစ်ခုခုကို သုံးစွဲနေရခြင်း၏ ဘေးထွက်ဆိုးကျိုး စသည်တို့ကြောင့်ဖြစ်သည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ရှိချိန်၌ သွေးပြန်ဆင်းတတ်သဖြင့် သတိရှိရန်လိုသည်။

စားသောက်မှုပုံစံ ရုတ်တရက်ပြောင်းလဲခြင်း (အပူအစပ်စားတာ အလွန်များသွားခြင်း)နှင့် ခန္ဓာကိုယ်ထဲတွင် အပူဓာတ်အားကြီးလျှင်လည်း သွေးအနည်းငယ်ဆင်းတတ်သည်။ သို့သော် အစားအသောက်ကြောင့် သွေးပြန်ဆင်းခြင်းမှာ ဖြစ်ခဲခဲ့ဖြစ်ခဲဖြစ်သည်။ တချို့သူများတွင် ကျောက်ကပ်ရောဂါကြောင့် ဆီးထဲသွေးပါတတ်သည်။ ထိုအခြေအနေကို ရာသီသွေးဆင်းခြင်းဟု



ထင်မှတ်မှားတတ်သည်။ မည်သို့ပင်ဆိုစေကာမူ အရွယ်လွန်အမျိုးသမီးတချို့ သွေးပြန်ဆင်းရခြင်းမှာ ပုံမှန်အခြေအနေမဟုတ်ဘဲ ဓမ္မတာဖြစ်စဉ်နှင့် ဆန့်ကျင်နေသည့်အတွက် စိတ်ရှင်းသွားအောင် သက်ဆိုင်ရာ OG ဆရာဝန်နှင့်တိုင်ပင်သင့်သည်။

**ကုသခြင်း**

သင့်တင့်မျှတသော အစားအစာများစားသုံးခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ဆေးလိပ်၊ အရက်ဖြတ်ခြင်း၊ ကဖိန်းဓာတ်လျှော့၍ သောက်သုံးခြင်းတို့ဖြင့် သွေးဆုံးကိုင်ရောဂါကို သဘာဝနည်းဖြင့် အထိုက်အလျောက် ကုသနိုင်ပါသည်။ ဆေးသိပ္ပံနည်းအဖြစ် အမျိုးသမီးများ ဟော်မုန်းအစားထိုးကုသခြင်း၊ လက်မောင်းတွင်ဆေးကပ်ခြင်း၊ လိမ်းဆေးခြင့်ကုသခြင်း၊ သဘာဝဆေးဖက်ဝင်အပင်များဖြင့် စီမံဖော်စပ်ထားသောသောက်ဆေးများဖြင့် ကုသခြင်း စသည့်နည်းတို့ဖြင့် ကုသနိုင်သည်။ ဟော်မုန်းပမာဏလျော့ကျလာချိန်မှာ စိတ်ဆတ်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ မအင်္ဂါခြောက်သွေ့ခြင်းတို့ရှိသလို အရိုးအားနည်းရောဂါနှင့် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်များ မြင့်တက်လာနိုင်သည်။

၎င်းအခြေအနေများကို တိုက်ဖျက်နိုင်ရန်အတွက် သွေးဆုံးချိန်နှင့် သွေးဆုံးပြီးနောက်ပိုင်းများတွင် ဗီတာမင်နှင့်ဖြည့်စွက်ဆေးများ၊ ကယ်လ်စီယမ်ဓာတ်၊ ဗီတာမင်ဒီဓာတ်၊ အိုမီဂါ-၃ ဖက်တီးအက်စစ် စသည့်ဆေးဝါးများ သောက်သုံးသင့်သည်။

**ဗီတာမင်နှင့် ဖြည့်စွက်ဆေးများ**

ဗီတာမင်နှင့်ဖြည့်စွက်ဆေးများ သောက်သုံးသော်လည်း အူနှင့်အသည်းတို့တွင် ကျန်းမာရေးမကောင်းပါက ၎င်းဆေးဝါးများ၏ အကျိုးအာနိသင်ကို အပြည့်အဝမခံစားရနိုင်ပေ။ အကျိုးပြုဗက်တီးရီးယားများပါဝင်သော ဆေးဝါးများက အူ၏လုပ်ဆောင်ချက်ကို တိုးတက်ကောင်းမွန်နိုင်ပြီး ဟော်မုန်းပမာဏကိုဟန်ချက်ညီစေကာ ကိုယ်အလေးချိန်လျှော့ချရန်အတွက်လည်း အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် သွေးဆုံးပြီးနောက် အသည်းလုပ်ဆောင်ချက်ကောင်းမွန်စေရန် အဆိပ်အတောက်များကိုရှင်းထုတ်ပေးပြီး အသည်းအားဖြည့်ပေးနိုင်သည့် Milk Thistle ခေါ် ခရမ်းရောင်ဆူးပန်းပွင့်ပါဝင်သည့်ဆေးများ သောက်သုံးသင့်သည်။

**ကယ်လ်စီယမ်ဓာတ်**

အမျိုးသမီးများက အမျိုးသားများထက် အရိုးအားနည်းရောဂါ ဖြစ်နိုင်ခြေ ငါးဆပိုများသည်။ ထို့ကြောင့် သွေးဆုံးချိန်တွင် ကယ်လ်စီယမ်ဓာတ်ကို မဖြစ်မနေ သောက်သုံးရမည်။ သို့သော် ကယ်လ်စီယမ်ဖြည့်စွက်ဆေးများ သောက်သုံးမှုနှင့် နှလုံးရောဂါဖြစ်နိုင်ခြေတို့ဆက်စပ်မှုရှိနေတတ်သဖြင့် ဆရာဝန်နှင့် တိုင်ပင်ပြီးမှ ကယ်လ်စီယမ်ဓာတ်ပါဝင်သည့် အားဆေးများကို မှီဝဲသင့်သည်။

**ဗီတာမင်ဒီဓာတ်**

နံနက်ခင်း နေရောင်ခြည်နှင့် အစားအစာများမှ နေ့စဉ်ဘဝအတွက် ဗီတာမင်ဒီ လုံလောက်စွာမရရှိနိုင်ပေ။ ထို့ကြောင့် သွေးဆုံးပြီး အမျိုးသမီးများ၏ ပျမ်းမျှ ၇၅ ရာခိုင်နှုန်းမှာ ဗီတာမင်ဒီချို့တဲ့မှုပြဿနာနှင့် ရင်ဆိုင်ကြရလေ့ရှိရာ ဗီတာမင်ဒီဆေးဝါးကိုမဖြစ်မနေ သောက်သုံးပေးသင့်သည်။ ၎င်းဓာတ်သည် နှလုံး၊ သွေးတိုး၊ လေဖြတ်၊ ပန်းနာရောဂါများအပြင် ဓာတ်မတည့်မှုဖြစ်ခြင်း အန္တရာယ်မှလည်း ကာကွယ်ပေးနိုင်သည်။

**အိုမီဂါ-၃ ဖက်တီးအက်စစ်**

ဆယ်လ်မွန်ငါး၊ ထရောက်ငါးနှင့် ဆာဒင်းငါးတို့ကဲ့သို့ ငါးသေတ္တာငါးများတွင်ပါရှိသော သဘာဝ အိုမီဂါ-၃ ဖက်တီးအက်စစ်အဆီဓာတ်က စွမ်းအားမြင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်ပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုပေးနိုင်သည်။

**အသက် ၄၀ မတိုင်မီ ဓမ္မတာကုန်ဆုံးသော အမျိုးသမီးများ နှလုံးရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်**

အသက် ၄၀ မတိုင်မီ ဓမ္မတာစတင်ကုန်ဆုံးလာသော အမျိုးသမီးများ၌ နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်မြင့်မားလာတတ်ကြောင်း တောင်ကိုရီးယားဆေးသုတေသီများက တွေ့ရှိထားသည်။ ဓမ္မတာကုန်ဆုံးချိန် ပုံမှန်ထက်ပိုစောသော အမျိုးသမီးများသည် နှလုံးရုတ်တရက် ရပ်နိုင်ခြေ ပုံမှန်ထက် ၃၃ ရာခိုင်နှုန်း ပိုမြင့်မားနေတတ်ပြီး၊ နှလုံးခုန်မမှန်မှုပြဿနာပေါ်လာနိုင်ခြေမှာ ဓမ္မတာစက်ဝန်းပုံမှန်ရှိသော အမျိုးသမီးများထက် ကိုးရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသီများကဆိုသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အသက် ၄၀ မတိုင်မီ ဓမ္မတာစတင်ကုန်ဆုံးသော အမျိုးသမီးများသည် အသက် ၅၀ နောက်ပိုင်းမှသာ ဓမ္မတာကုန်ဆုံးသူများနှင့်နှိုင်းယှဉ်ပါက နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ သိသိသာသာ ပိုမြင့်မားသည်ကို တွေ့ရကြောင်း၊ အသက် ၄၀ နှင့် ၄၄ နှစ်ကြား ဓမ္မတာကုန်ဆုံးခဲ့သူ၊ အသက် ၄၅ နှစ်နှင့် ၄၉ နှစ်ကြား ဓမ္မတာကုန်ဆုံးသူ အမျိုးသမီးများသည်လည်း နှလုံးကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ခြေ မြင့်မားတတ်ကြောင်း သိရသည်။ ထို့ပြင် အသက် ၄၀ အောက် အမျိုးသမီးဦးရေ ၁၀၀ တွင် တစ်ဦးမှာ ဓမ္မတာကုန်ဆုံးချိန် ပုံမှန်ထက်စောမှုပြဿနာနှင့် ရင်ဆိုင်ရတတ်ပြီး ၎င်းအမျိုးသမီးများတွင် လေငန်းရောဂါဖြစ်နိုင်ခြေမြင့်မားမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

**ရာသီဓမ္မတာကုန်ဆုံးချိန် ဦးနှောက်အပြောင်းအလဲက အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်တက်နိုင်**

ဓမ္မတာရာသီ ကုန်ဆုံးချိန်အတွင်း ဦးနှောက်ဖွဲ့စည်းပုံအပြောင်းအလဲများကြောင့် အမျိုးသမီးများတွင် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဂျာမနီသုတေသီများက တွေ့ရှိထားသည်။ ဓမ္မတာရာသီ ကုန်ဆုံးနေပြီဖြစ်သည့် အမျိုးသမီးများသည် ဓမ္မတာရာသီမကုန်သေးသော အမျိုးသမီးများထက် ဦးနှောက်အတွင်း၌ White Matter Hypentensities ခေါ် တစ်ရှူးပျက်စီးနေသည့်နေရာများ ပိုများနေတတ်ကြောင်း၊ အဆိုပါတစ်ရှူးများ ပျက်စီးနေသော ဦးနှောက်များသည် လေဖြတ်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါနှင့် မှတ်ဉာဏ်ပြဿနာများအပါအဝင် ဦးနှောက်သွေးကြောရောဂါများဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သုတေသီများက ပြောကြားသည်။

ငယ်ရွယ်စဉ်မှာ အမျိုးသားနှင့် အမျိုးသမီးများကြား ဦးနှောက်ဖွဲ့စည်းပုံ အပြောင်းအလဲများမှာ ကွာခြားမှုမရှိသော်လည်း အသက်အရွယ်ရလာသော အမျိုးသမီးများမှာမူ သက်တူရွယ်တူ အမျိုးသားများနှင့်နှိုင်းယှဉ်ပါက ဦးနှောက်ဖွဲ့စည်းပုံ အပြောင်းအလဲပိုများနေတတ်ကြောင်း သုတေသီများက သုံးသပ်ထားသည်။ ဂျာမနီသုသေသနပညာရှင်များသည် အမျိုးသမီး ၅၈ ရာခိုင်နှုန်းပါဝင်သည့် ပျမ်းမျှအသက် ၅၄ နှစ်ရှိ လူဦးရေ ၃၄၁၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ယခုကဲ့သို့တင်ပြခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ရာသီသွေးဆုံးခြင်းအတွက် စိတ်ပျက်အားငယ်စရာမဟုတ်ပါ။ သဘာဝဖြစ်စဉ်တစ်ခုမျှသာဖြစ်သည်။ အမျိုးသမီးအများစုတွင် သွေးဆုံးကိုင်ဝေဒနာများကို ထိန်းချုပ်ရခက်သော်လည်း အစားအသောက်၊ အနေအထိုင် ထိန်းသိမ်းခြင်းနှင့် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းတို့က ခံစားမှုကို သက်တောင့်သက်သာဖြစ်စေသည်။ သွေးဆုံးချိန်တွင် ဝေဒနာများသက်သာစေရန်အတွက် နံနက်တိုင်း နေရောင်ခြည်ခံခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ ရေများများသောက်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များများစားခြင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ စားသောက်ခြင်း၊ ပရိုတင်း (အသားဓာတ်) ကြွယ်ဝသော အစားအစာနှင့် အဆီမပါသော အသားများ စားခြင်း၊ အိုမီဂါ-၃ ပြည့်ဝသော ပင်လယ်ငါးစားခြင်း၊ အီစရိုဂျင်ပါဝင်သော အစားအစာများ ဖြစ်ကြသည့် ပဲပိစပ်၊ ကုလားပဲ၊ မြေပဲ၊ မုယောစပါး၊ ဘယ်ရီသီး၊ စပျစ်သီး၊ ဆီးသီးတို့ကို စားသုံးခြင်း၊ ကယ်လ်စီယမ်ကြွယ်ဝသော အစားအသောက်များ စားခြင်းဖြင့် ဝေဒနာကို ထိန်းချုပ်ထားနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
"ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။"
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၂၆၄၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၂၆၄၈၀ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် စပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၆၄၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ စပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၆၄၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ စာကြည့်တိုက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပါလောင်းကျေးရွာ၌ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပါလောင်းကျေးရွာ၌ အလျား၊ အနံ ပေ ၅၀ ပတ်လည်၊ အမြင့် ငါးပေရှိ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၆၉ ဒသမ ၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၁ ရက်ကစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

# DENTOMEC







**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၇ လမ်း၊ ၁၁၁(E) လမ်း၊ ခ/၅၊ အိမ်အမှတ်(၂၄)နေ ဦးအားဆွမ်း(၉/မရတ(နိုင်)၁၀၇၂၂၉)နှင့် ဒေါ်ဌေးဌေးမြင့်(၈/မကန(နိုင်)၁၁၅၅၃၅)တို့၏သမီးဖြစ်သူ မစန်းစန်းမြင့်(၉/ခမစ(နိုင်)၀၄၈၄၅၃)၊ (၃၀)နှစ်သည် မိဘများ၏ဆို/ဆုံးမမှုကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ မစန်းစန်းမြင့်သည် (၁-၁-၂၀၂၄)နေ့တွင် မိဘများအား မချေမငံဆက်ဆံရန်လုပ်ပြီး မိဘစကားနားမထောင်ဘဲ မိမိသဘောနှင့် နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ လူမှုရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဌေးဌေးမြင့်
၈/မကန(နိုင်)၁၁၅၅၃၅
ခ/၅၊ အိမ်အမှတ်(၂၄)
၆၇ လမ်း၊ ၁၁၁ (E) လမ်း၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့၊ အကွက် ၁၉/ခ နေ ဦးနေအောင် (ဘ) ဦးဘိုကေ(၉/ပဘန(နိုင်)၁၃၁၈၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-094829)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-972926443

## အဖိုးတန်ရေချိုကို ချွေတာပါ

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...

❖ သတင်းတုသတင်းမှားများတိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီ ဆွတ်ခူး

**ယိုကိုဟားမား အောက်တိုဘာ ၁၂**

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သည့် Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပထမနေ့မှ တတိယနေ့ပြီးဆုံးသည်ထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂရေးဆာမန်းသည် နောက်ဆုံးနေ့အပြီးတွင် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် သောဘွန်ဆင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီသည် ၂၀၂၄ ခုနှစ်တွင် အဓိကဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်အတွင်း အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိဘဲ Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ရှောင်ဖီလီသည် ယခုနှစ် ရာသီအစပိုင်းတွင် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့်လည်း ပြိုင်ပွဲတချို့ကို လွဲချော်ခဲ့ရသကဲ့သို့ ဒဏ်ရာပြဿနာကြောင့်လည်း ပုံစံကောင်းများ ပျောက်ဆုံးနေခဲ့သည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ ❑**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ



MV.Htar Wara Lont La ရေယာဉ်

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း တရားမဝင်အခြားသစ်တန် ၁၄၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၉၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့ မြစ်ငယ်စစ်ဆေးရေးဂိတ်၌

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

## ၂၀၂၇ အာရှဖလားခြေစစ်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆီးရီးယားလက်ရွေးစင်ဘောလုံး အသင်းတို့၏ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယားအသင်းတို့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

